# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး
(၁၇)ရက်မြောက်နေ့**မှတ်တမ်း**

**၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၃ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက် )**

**[ ကြာသပတေးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၁၃။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ (၁၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၁.၅၂)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ (၁၇)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ၂၀ - ၁၂ - ၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီဝင် ဖြစ်သူ ကျွန်မ ဒေါ်မြတ်သီတာထွန်း က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကတော့ ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်မြင့်ဦး၊ မန္တလေး တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ မြို့နယ်မြေစစ်ကော်မတီအစည်းအဝေးတက်ရောက်။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကျန်းမာရေး။ ဦးခင်မောင်မြင့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေး။ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ နေပြည်တော် မြေစစ်ကော်မတီအစည်းအဝေး တက်ရောက်ရန်နှင့် ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်တို့ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၉)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ (၁၀)ဦးဖြစ်တဲ့အတွက် စုစုပေါင်း ခွင့်ပန်ကြားသူ(၁၉)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြ အပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၉)ဦး ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၁၉)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## မြန်မာ့မီးရထားကဏ္ဍ အောင်မြင်ဦးမော့လာနိုင်စေရေးအတွက် လက်ရှိရင်ဆိုင်နေရသော အရှုံးများနှင့် ကျဆင်းနေရမှုတို့ကို ရပ်တန့်ကျော်လွှားပြီး ရှေးယခင် အစဉ်အလာကောင်းများရရှိခဲ့သည့် မြန်မာ့ မီးရထားကို ပြည်သူများ နှစ်ခြိုက်ချမ်းမြေ့စွာ ပြန်လည်အားပေးလာကြစေရေးအတွက် အစီအစဉ် ကောင်းများ ပြုလုပ်ဆောင်ရွက်ပေးရန် စီမံကိန်းများ ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ ယခု မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေတင် က မြန်မာ့မီးရထား ကဏ္ဍ အောင်မြင်ဦးမော့လာနိုင်စေရေးအတွက် လက်ရှိရင်ဆိုင်နေရသော အရှုံးများနှင့် ကျဆင်းနေရမှု တို့ကို ရပ်တန့်ကျော်လွှားပြီး ရှေးယခင် အစဉ်အလာကောင်းများ ရရှိခဲ့သည့် မြန်မာ့မီးရထားကို ပြည်သူများ နှစ်ခြိုက်ချမ်းမြေ့စွာ ပြန်လည်အားပေးလာကြစေရေးအတွက် အစီအစဉ်ကောင်းများ ပြုလုပ်ဆောင်ရွက်ပေးရန် စီမံကိန်းများ ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးဖေတင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)**။ ။ ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက် လာသူအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်က မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဖေတင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီး ဖတ်ကြားသွားတဲ့အတိုင်းပါပဲ။ ကျွန်တော့်ရဲ့ မေးခွန်းက တစ်ချိန်တုန်းက အောင်မြင်ဦးမော့လာတဲ့ မြန်မာ့ရထား ကျရှုံးသွားတဲ့အကြောင်းကို ပြန်လည် ဦးမော့လာစေဖို့အတွက် ရည်ရွယ်ချက် အကြောင်းခံပြီး မေးရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ခေတ်တစ်ခါတုန်းက ပြည်သူများက မြန်မာ့ရထားကို လွန်စွာအားကိုးပြီး မြန်မာ့မီးရထားဌာနကလည်း ခေတ်မီစက်ခေါင်းတွေ၊ တွဲသစ်ကြီးတွေ၊ ကြံ့ခိုင်တဲ့လမ်း၊ ဇလီဖားတုံးများဖြင့် ခရီးသွားများ သက်သာချောမွေ့ ငြိမ့်ညောင်းတဲ့လမ်းကို ဖြစ်ပေါ်စေဖို့အတွက် ဝန်ဆောင်မှုကောင်းတွေ အထူးပေးခဲ့ပါတယ်။ ဂရုစိုက်ပြီး ပြေးဆွဲပေးခဲ့ပါတယ်။ တာဝန်ကျေပွန်မှု၊ လမ်းကို ချောမွေ့စေမှုတို့နှင့် မီးရထားများကိုလည်း ရွှေမန်းမေ၊ ဒဂုံမေ၊ ဒဂုံမန်း၊ ရွှေဒုံလေး အစရှိတဲ့ နာမည်လှလှ၊ တွဲလှလှများနှင့် မြန်မာ့မီးရထားကဏ္ဍ ဂုဏ်ယူဖွယ်ရာကောင်းတဲ့ အောင်မြင်တဲ့ခေတ်တစ်ခေတ် ရှိခဲ့ဖူးပါတယ်။ ခေတ်အဆက်ဆက် ပြောင်းလဲလာခြင်းနှင့်အတူ တစ်ဖက်က လမ်းပန်းဆက်သွယ်ရေး လုံခြုံကောင်းမွန်လာခြင်း၊ လမ်းတံတားတွေ တည်ဆောက်လာခြင်း၊ ခရီးလမ်းအလိုက် သယ်ယူပို့ဆောင်ရေး ယာဉ်လိုင်းများ အပြိုင်အဆိုင် ပြေးဆွဲလာကြတဲ့အခါမှာ ပုဂ္ဂလိကယာဉ်များရဲ့ ဝန်ဆောင်ပေးမှု၊ အချိန်မှန်ကန်မှုနှင့် တခြားသောအကြောင်းများအရ ပုဂ္ဂလိကယာဉ်လိုင်းများ တိုးတက်များပြားလာတဲ့အချိန်မှာ မြန်မာတို့ရဲ့ မီးရထားကဏ္ဍက တွဲများ မကောင်းတော့ဘူး။ စက်ခေါင်းတွေ မကြာခဏပျက်တယ်၊ လမ်းတစ်လျှောက် ငြိမ့်ညောင်းစွာ မစီးရတော့ဘဲနဲ့ ချိုင့်စောင့်သလို စီးနေရတယ်၊ တွဲတွေမိုးယိုနေတယ်၊ မီးပျက်တယ် စတဲ့ စိတ်မသက်သာ၊ လူမသက်သာ စီးနင်းနေရတဲ့ ဒီဒုက္ခကို ခရီးသွားတွေက အလွန်တရာ ကြောက်ရွံ့လို့လာပါတော့တယ်။

ဒီအတွက်ကြောင့် မြန်မာ့မီးရထားကို မှေးမှိန်သွားစေတဲ့ အချက်အလက်တွေကတော့ မီးရထားအောက်ခြေက ဝန်ထမ်းတွေ ရထားလက်မှတ် မှောင်ခိုရောင်းတာတို့၊ တွဲတွေကောင်းကောင်း မပြင်တာတို့၊ တွဲကို ပစ်စလက်ခတ် ထားတာတို့၊ အထက်တန်းတွဲမှာ သာမန်ခရီးသည်တွေ တက်ခိုင်းတာတို့ အစရှိသဖြင့် ရုပ်ပျက်ဆင်းပျက်ဖြစ်လာတာကို ဝမ်းနည်းစရာ တွေ့ကြုံရပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက နိုင်ငံတော်မှာ အဓိကကျတဲ့ ဌာနကြီးတစ်ခုအပါအဝင် ဖြစ်ပါတယ်။ နိုင်ငံရဲ့ ယန္တရားဒေါက်တိုင် အကျခံလို့မဖြစ်ပါဘူးခင်ဗျား။ ဒေါက်တိုင် ယိုင်နေခြင်းအားဖြင့် နိုင်ငံတော်အတွက် ထိခိုက်နိုင်တာတွေ၊ ပြည်သူတွေအားကိုးရာ သယ်ယူပို့ဆောင်ရေး ရထားလမ်း မဟုတ်တော့ဘဲနဲ့ မီးရထားစီးဖို့ ဝန်လေးနေကြတဲ့ အဖြစ်မျိုးကို အဖြစ်မခံတော့ဘဲနဲ့ မီးရထားနှင့် ခရီးသွားခြင်းအားဖြင့် ခရီးသည်များ သက်တောင့်သက်သာ ချောင်ချောင်ချိချိ လေကောင်းလေသန့်များ ရှူရှိုက်ရပြီးတော့ လိုရာခရီးကို လုံခြုံချောမွေ့စွာနှင့် ရှေးယခင်က ခေတ်များကဲ့သို့ နိုင်ငံတော်ရဲ့ဘဏ္ဍာငွေကို ကောင်းစွာရှာဖွေပေးခဲ့တဲ့ ခေတ်တစ်ခေတ်ကို ပြန်လည်ရောက်ရှိနိုင်ဖို့အတွက် ပုံဖော်ပေးနိုင်ဖို့ အစီအစဉ်ကောင်းများ ရှိ/မရှိ ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၃။**

**ဦးသန့်စင်မောင် (ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဒုတိယဝန်ကြီးများ ခင်ဗျား။ ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းကြပါစေကြောင်း ပထမဦးစွာ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေတင် ရဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ မြန်မာ့မီးရထားကဏ္ဍ အောင်မြင်ဦးမော့လာနိုင်စေရေးအတွက် လက်ရှိ ရင်ဆိုင်နေရသော အရှုံးများနှင့် ကျရှုံးနေရမှုတို့ကို ရပ်တန့်ကျော်လွှားပြီး ရှေးယခင်အစဉ်အလာကောင်းများ ရရှိခဲ့တဲ့ မြန်မာ့မီးရထားကို ပြည်သူများ နှစ်ခြိုက်ချမ်းမြေ့စွာ ပြန်လည် အားပေးလာကြစေရေးအတွက် အစီအစဉ်ကောင်းများ ပြုလုပ်ဆောင်ရွက်ပေးရန် စီမံကိန်းများ ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြ မေးခွန်းကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ ဖြေကြားသွားမှာဖြစ်ပါတယ်။

မေးခွန်းက အင်မတန်ကြီးမားကျယ်ပြန့်ပြီးတော့ ပြောရမယ့်၊ ရှင်းပြရမယ့် အချက်အလက်တွေ အများကြီးဖြစ်တဲ့အတွက်ကြောင့် ကျွန်တော် အချိန်အနည်းငယ် ပိုမိုပြီးတော့ ယူပါရစေ။ ဒီဟာအတွက် လည်းပဲ လျင်မြန်စေခြင်းအကျိုးငှါ Power Point သုံးစွဲခွင့်ပြုပါရန် မေတ္တာရပ်ခံပါတယ်။ တကယ်တမ်း ဒီ ရထားရဲ့ လက်ရှိအချိန်၊ ကျွန်တော်တို့ တိုးတက်အောင်လုပ်မယ်ဆိုရင် ပေးထားတဲ့ ပေးထားချက်က Given Condition တွေက ဘာတွေလဲဆိုတာ မပြောတော့ပါဘူး။ အာရှဖွံ့ဖြိုးရေးဘဏ် ပညာရှင်တွေရဲ့ လေ့လာသုံးသပ်ချက်ပါ။ အာရှဖွံ့ဖြိုးရေးဘဏ်ဟာ ၂၀၁၂ ခုနှစ်မှာ ကျွန်တော်တို့ နိုင်ငံကို ပြန်လည်ပြီးတော့ ဆက်သွယ်ကူညီ ထောက်ပံ့လာခဲ့တယ်။ အဲဒီအခါမှာ ၂၀၁၄ - ၂၀၁၅ ခုနှစ်မှာ လုပ်တဲ့ Rail Sector Assessment Report မှာ ဘယ်လိုရေးထားလဲဆိုတော့ ရထားလမ်းအားလုံးဟာ အလျင်အမြန်ပြုပြင်ဖို့ လိုအပ်နေပါတယ်လို့ သူကသုံးသပ်တာ။ Urgently needed For Rehabilitation ဆိုပြီးတော့ သူက ပြတ်ပြတ်သားသား ရေးထားပါတယ်။ ရထားလမ်း အားလုံးပါ။ အဲဒီမှာ သူပြောတဲ့ လုပ်ငန်းစဉ်(၅)ချက်ထဲမှာ လမ်းမကြီးမဟုတ်တဲ့ သိပ်ပြီးတော့ အရေးသိပ်မပါသေးတဲ့ Tertiary လမ်းတွေကို ပြန်ပြီးတော့ Rationalize လုပ်ပါ။ ရထားပြေးဆွဲမှု အခြေအနေကို စိစစ် တွက်ချက်ပါလို့ နံပါတ်(၁) ပြောပါတယ်။ အဲဒီနောက်မှာ လမ်းပိုင်း၊ စက်ခေါင်း၊ တွဲ၊ အချက်ပြစနစ် တွေကို အကျိုးရှိတဲ့ ရင်းနှီးမြှုပ်နှံမှုတွေလုပ်ပါ။ အရင်တုန်းက Targeted Investment တွေ မရှိလို့ ပါလို့ သူကဆိုပါတယ်။ စီမံခန့်ခွဲမှုမှာလည်း IT နည်းပညာကို သုံးပါ။ Reorganize ဖွဲ့စည်းမှုကို ပြင်ပါ။ ဘဏ္ဍာရေးစီမံမှုကို ပြင်ပါဆိုပြီးတော့ အဓိကလုပ်ငန်းကြီး (၅)ချက်ကို ပြောပါတယ်။

ဒီနေရာမှာ ဒီလိုဆိုရင် ကျွန်တော်တို့ ခုနတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့ အတိုင်း Economic Entity ကိုယ့်ဘာကို ရပ်တည်နိုင်သော၊ နိုင်ငံအပေါ်မှာ ဝန်ထုပ်ဝန်ပိုးမဖြစ် စေသော Economic Entity ကြီးဖြစ်လာအောင်လို့ ဘယ်တော့များ ဖြစ်မှာလဲဆရာရယ် ဆိုပြီးတော့ ကျွန်တော် ဩစတြေးလျက ADB Consultant Dick Bullcock ကိုတွေ့တဲ့အခါ မေးပါတယ်။ မေးတော့ မင်းတို့နိုင်ငံကတော့ အနှစ် ၂၀ အထက် ကြာနိုင်တယ်ဆိုပြီးတော့ သူက အဲဒီလို သုံးသပ်ခဲ့

ပါတယ်။ ဒီနေရာမှာ သူ့ရဲ့သုံးသပ်ချက်က စျေးကွက်မှာ ကျွန်တော်တို့ ဘယ်လောက် ဆုံးရှုံးသွားလဲဆိုတော့ ၁၉၉၀ ပြည့်နှစ်တုန်းက ရထားဟာ (၄၄)ရာခိုင်နှုန်း ရှိပါတယ်။ ဒီစျေးကွက်မှာ သယ်ယူပို့ဆောင်မှု စျေးကွက်ကြီးတစ်ခုလုံးရဲ့ (၄၄)ရာခိုင်နှုန်း ရှိပါတယ်။ ၂၀၁၃ ခုနှစ်ကျတော့ (၁၀)ရာခိုင်နှုန်းပဲ ကျန်တော့တယ်။ ခုနတုန်းက လွတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်းပဲ ကားလမ်းတွေက ကောင်းလာတယ်။ ပုဂ္ဂလိကကားတွေရဲ့ကဏ္ဍ ဖွံ့ဖြိုးလာတဲ့အတွက်ကြောင့် သူက (၈၆)ရာခိုင်နှုန်း ယူသွားပါတယ်။ အဲဒီမှာ ရေကြောင်းတို့၊ လေကြောင်းတို့ အကုန်ကျဆင်းသွားပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာ ဒီအတိုင်းသာသွားရင်၊ ဒီအတိုင်း ဘာမှမလုပ်ဘူးဆိုရင် ၂၀၂၅ ခုနှစ်ကျရင် ရထားက (၂)ရာခိုင်နှုန်းပဲ ကျန်ပြီးတော့ ရေကြောင်းက မရှိသလောက်ဖြစ်သွားပြီး လေကြောင်းကတော့ ပြန်တက်လာနိုင်သေးတယ်။ (၃)ရာခိုင်နှုန်းဆိုပြီးတော့ သူတို့တွက်ပါတယ်။ အဲဒီမှာ ကုန်စည်ပို့ဆောင်ရေးကဏ္ဍ ဆိုရင်လည်းပဲ ၂၀၁၃ ခုနှစ်တုန်းကတော့ (၅)ရာခိုင်နှုန်း ရှိသေးတယ်။ ၂၀၃၀ပြည့်နှစ်မှာ ဒီအတိုင်းသာနေရင် ဘာမှ မလုပ်ရင် (၁.၅)ရာခိုင်နှုန်း ကုန်စည်စျေးကွက်က ရမှာဖြစ်ပြီးတော့ တကယ်တမ်း ကောင်းအောင်လုပ်မယ် ဆိုရင် ၂၀၃၀ ပြည့်နှစ်မှာ (၇) ရာခိုင်နှုန်းနှင့် (၁၅) ရာခိုင်နှုန်းအကြား ရရှိလာနိုင်တယ်ဆိုပြီးတော့ ဒါ ADB ရဲ့ ပေးထားချက်ကို ကျွန်တော် ပြောတာပါ။

နောက်တစ်ချက်ကတော့ National Transport Master Plan ကို ဂျပန်နိုင်ငံ Assistance နဲ့ (၂)နှစ်တိတိ အချိန်ယူပြီးတော့ National Transport Master Plan ကို အရင်အစိုးရလက်ထက်မှာ ဆွဲခဲ့ပါတယ်။ အဲဒီအခါမှာ ပုံမှာပြထားတဲ့အတိုင်းပဲ အဓိကကျတာကတော့ Corridor Based Development ဒီ စင်္ကြံတစ်ခုချင်း တစ်ခုချင်းကို ကောင်းအောင် လုပ်ပြီးတော့ သွားရတယ်။ အဲဒီမှာ စင်္ကြံက အရေးကြီးဆုံးက တောင်-မြောက် ဗဟိုစင်္ကြံ၊ အားလုံးသိတဲ့အတိုင်း ရန်ကုန် - မန္တလေး၊ မန္တလေး - မြစ်ကြီးနား ဆိုတဲ့ တကယ့် ကျောရိုးလမ်းမကြီးကို ကောင်းအောင်လုပ်၊ ရထားလမ်းလည်း ကောင်းအောင်လုပ်၊ ကားလမ်းလည်းကောင်းအောင်လုပ်၊ ရေကြောင်းလည်းကောင်းအောင်လုပ် ဆိုတဲ့ ဟာမျိုး သူပြောပါတယ်။ နောက် အရှေ့-အနောက်စင်္ကြံ။ အရှေ့ - အနောက် စင်္ကြံကတော့ Regional Connectivity ကျွန်တော်တို့ GMS နိုင်ငံတွေနဲ့ ဟိုဘက် ဒါနန်းကနေပြီးတော့ ဗီယက်နမ်နိုင်ငံ၊ ဒါနန်း ကနေပြီးတော့ လာအို Savvanket ဆက်လာတဲ့ အရှေ့ - အနောက် စင်္ကြံကြီးဟာ အခု မဲဆောက်အထိ ရောက်ပြီး မဲဆောက် - မြဝတီကနေပြီးတော့ သထုံ - ပဲခူး - သီလဝါ အထိ လာအောင်လုပ်ရမယ်ဆိုတာ အဲဒါကတော့ ကျွန်တော်တို့ ကားလမ်းလုပ်ဖို့ ခက်သေးတဲ့အတွက်ကြောင့်မို့ အားလုံးကို ဆောက်လုပ်ရေး ဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီးတော့ အရှေ့ - အနောက်စင်္ကြံ အခု သီလဝါအထိလုပ်ဖို့ရာ ADB နဲ့ ညှိနှိုင်း ပြီးတော့ အခုဆိုရင် F/S တွေ လုပ်နေတယ်။ ခုနက ADB ရဲ့အထောက်အပံ့နဲ့ အိန္ဒိယ - ကော့ကရိတ်ကို ဖောက်နေတာ ဖြစ်ပါတယ်။ တစ်ခါ မြောက်ပိုင်းစင်္ကြံကတော့ မူဆယ် - လားရှိုး - မန္တလေးလမ်းပိုင်း ဖြစ်ပါတယ်။ ဒါကလည်း Regional Connectivity အတွက် အရေးကြီးတယ်။ Border Trade လည်း အရေးကြီးတယ်။ ဒါ့ကြောင့် မူဆယ် - မန္တလေး မြောက်ပိုင်းစင်္ကြံကို တတိယဦးစားပေး လုပ်တယ်။ အဲဒီ အတွက်လည်းပဲ မော်တော်ကားလမ်းလုပ်ဖို့ တကယ့် Chinese - Myanmar Economic Corridor နဲ့လည်း တစ်ဆက်တည်း ဖြစ်တဲ့အတွက်ကြောင့် မြောက်ပိုင်းစင်္ကြံကို လုပ်ဖို့ ဖြစ်ပါတယ်။

တစ်ခါ မြစ်ဝကျွန်းပေါ် စင်္ကြံလုပ်သင့်တယ်။ အနောက်ပိုင်း တောင် - မြောက်စင်္ကြံကလည်းပဲ ရောဝတီရဲ့အနောက်ဘက်ခြမ်းရော၊ ဒီဘက်ကအရှေ့ဘက်ခြမ်းရောကိုလည်း လုပ်သင့်တယ်ဆိုပြီးတော့

လုပ်ထားပါတယ်။ ဒါပေမဲ့ အဲဒီမှာ ရထားလမ်းသက်သက် ဒီဟာတွေအတိုင်း လုပ်မယ်ဆိုရင် ဌာန အတွက် (၆.၉)ဘီလီယံ အမေရိကန်ဒေါ်လာ ကုန်ကျပါမယ်ဆိုပြီးတော့ သူက လုပ်ငန်းပေါင်း (၁၄)ခု ဖော်ပြခဲ့ပါတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ ရှိနေတဲ့ ဘတ်ဂျက်အခြေအနေတွေနဲ့ အားလုံးညှိ ပြီးတော့ ဒီမှာ ဖော်ပြထားတဲ့အတိုင်းပဲ စီမံကိန်းနှင့် အခု ဆောင်ရွက်နေပါတယ်။ အဲဒီတော့ ကျွန်တော် ဇယားကိုမဖတ်တော့ဘဲနဲ့ မြန်မြန် တစ်ခုချင်း သွားပါမယ်။ ရန်ကုန် - မန္တလေးလမ်းဟာ (၃၈၆)မိုင် ရှိတယ်။ အင်မတန် အရေးကြီးတဲ့ လမ်းကြောကြီး ဖြစ်တယ်။ အဲဒီမှာ ၂၀၁၅ ခုနှစ် ကတည်းက၊ အရင် အစိုးရလက်ထက်ကတည်းက သဘောတူခဲ့တယ်။ JICA နဲ့ သဘောတူခဲ့တယ်။ အဲဒါတွေကို ကျွန်တော်တို့ အကောင်အထည်ဖော်နေပါတယ်။ အဲဒီအခါ ဒီဟာပြီးသွားရင် (၈)နာရီနဲ့ ရောက်မယ်။ ကီလိုမီတာ(၁၀၀) မောင်းနိုင်မယ်။ ဝင်ရိုး ဝင်ချိန်ဟာ အခုဆိုရင် (၁၂.၅)တန်၊ အဲဒီလို ဝင်ရိုးတစ်ချောင်း ပေါ်မှာ (၁၂.၅)တန်ပဲ တင်နိုင်ရာကနေပြီး တန်(၂၀) တင်နိုင်ရမယ်ဆိုရင် ဒါ ထိုင်းနိုင်ငံရဲ့ Standard ၊ Trans Asia Rail တကယ့် ကမ္ဘာ့အဆင့် သတ်မှတ်ထားတဲ့ Standard နဲ့ ကိုက်တဲ့လမ်းမျိုး လာပြီးတော့ဖြစ်မှာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီမှာ ကျွန်တော်တို့ အဲဒီလမ်းကြောင်းဖြစ်အောင် ၁၉၉၇ ခုနှစ်က သူတို့အဆိုပြုခဲ့တာ အခု ကျွန်တော်တို့ ၂၀၁၇ ခုနှစ်မှာ စနိုင်တဲ့ဘဝ ရောက်တယ်။ ကျွန်တော်တို့ ဘက်ကတော့ ကျွန်တော်တို့ မြန်မာဘက်က တာဝန်ဖြစ်သော လမ်းခင်းကျောက်တွေ စုပြီးပြီ။ ကွန်ကရစ် ဇလီဖားတွေ အခု ထုတ်ထားတယ်။ ကျွန်တော်တို့ကြောင့် နောက်ကျတာမဖြစ်ရအောင် ကျွန်တော်တို့ ကြိုးစားဆောင်ရွက်နေပါတယ်။ သံလမ်း သူတို့ထုတ်နေတယ်။ သံလမ်းတွေ မတ်လ ရောက်မယ်။ ရောက်တဲ့အခါမှာ စပြီးတော့ အမြန်ဆုံး သံလမ်းတွေကလည်း ဆက်ရတယ်။ အဲဒီအခါမှာ သုံးတဲ့ဟာကို Continuous Welded Rail ဘူတာတစ်ခုကနေ ဘူတာတစ်ခု သံလမ်းမှာအဆက်တွေ မဟုတ် တော့ဘူး။ အဆက်တွေမရှိတော့ဘူး။ တစ်ခါတည်းဆက်ထားတဲ့လမ်း Continuous Welded Rail ကို သုံးမှာဖြစ်ပါတယ်။

နောက် ဒုတိယ မန္တလေး - မြစ်ကြီးနား ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်း ကျွန်တော် ပိုက်ဆံတွေကို အားလုံး မချေးရအောင် လောလောဆယ် မြန်မြန်ဆန်ဆန် အကျိုးရှိအောင် မန္တလေး - မြစ်ကြီးနားမှာ နမ့်ခန်း - မဲဇာ နှင့် မော်ဟန် - ကာဒူ အားလုံးသိပါတယ်။ တကယ့် အကျပ်အတည်းတွေ၊ Sharp Curve တွေဟာ ဒီဂရီများတဲ့ အချိုးအကွေ့တွေ ရှိတယ်။ အဆင်းကလည်းပဲ Steep Gradient ပေါ့။ ဒီ လျှောစောက်က ကြီးနေတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ အဲဒီနေရာတွေကို လုပ်ဖို့ရာအတွက် ကိုရီးယားတွေနဲ့ Survey လုပ်တဲ့အခါမှာ သူတို့ အခြား Alignment ကို ရှာတယ်။ အဲဒီအခါမှာ Turnnel တစ်ခု ဖောက်ရမယ်။ တံတားအသစ် ဆောက်ရမယ်။ အဲဒီဟာအတွက် ကျွန်တော်တို့ ဘူတာ(၄)ခု လုပ်ရမယ်။ အဲဒီမှာ သူက ဒေါ်လာသန်း(၁၀၀)တောင်းတော့ ကျွန်တော်တို့ ပြန်ပြီးတော့ ညှိပါတယ်။ ညှိတဲ့အခါကျတော့ မော်ဟန် - ကာဒူ Section ပါလုပ်ပေးမှ ဒေါ်လာသန်း (၁၀၀)နဲ့ ဖြစ်အောင် လုပ်ပါဆိုပြီးတော့ ကျွန်တော်တို့ ညှိနှိုင်းတယ်။ အဲ့ဒါ အခု ပြီးပါပြီ။ ကျွန်တော်တို့ သူတို့နဲ့ စာချုပ် ချုပ်ရမယ်။ တင်ဒါ ရွေးချယ်ရမယ့်အဆင့်၊ ညှိနှိုင်းတဲ့အဆင့် ပြီးသွားပြီ ဖြစ်ပါတယ်။

နောက် ပဲခူး - မော်လမြိုင် ဒါက ကိုယ့်ဘတ်ဂျက်နဲ့ကိုယ် လုပ်ပါတယ်။ သူများချေးငွေနဲ့ မပါဘဲနဲ့ ကျွန်တော်တို့ ရှိနေတဲ့ဟာလေးကို ဒီလမ်းလေးကို ပုံပြီးတော့အောလိုက်မယ်ဆိုပြီးတော့ ကျွန်တော်တို့ ၂၀၁၆ ခုနှစ်ကတည်းက လုပ်လိုက်တာ အခု မော်လမြိုင်အထိ ရောက်သွားပါပြီ။ အဲဒီ

မှာလည်းပဲ ကျွန်တော် SWR (Short Welded Rail) ဒါက ကမ္ဘာမှာ အမှန်ပြောရင် သိပ်ပြီးတော့ အကောင်းဆုံး မဟုတ်ပါဘူး။ သံလမ်းကို (၉)ချောင်းဆက်ပြီးတော့ ကျောက်အပြည့်နဲ့လုပ်တာ ဖြစ်ပါတယ်။ တကယ်တမ်းဆိုရင် မိုင်(၅၀)နှုန်းအထိ သွားနိုင်ရမှာဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ အချက်ပြစနစ် မကောင်းသေးတဲ့အတွက်ကြောင့် အရှိန်ကို မမြှင့်ရဲသေးပါဘူး။ အားလုံးကောင်းအောင် လောလောဆယ် ဆောင်ရွက်နေပါတယ်။ ဒီကြားထဲ မနှစ်ကတုန်းက ဘီးလင်းချောင်း ရေကြီးတော့ တံတား(၁)စင်းပါသွားပြီး နောက်ထပ်တံတားအသစ်(၁)စင်း ထပ်ဆောက်ရမယ့်ဘဝ ရောက်သွားပါတယ်။

နောက်တစ်ချက် ရန်ကုန် - ပြည်။ ရန်ကုန် - ပြည် ကတော့ ကျွန်တော့်ရဲ့ ဒီအခက်အခဲတွေကို ADB က နားလည်တယ်။ ဒါကြောင့် သူတို့ကပဲ စတင်ပြီးတော့ ကမ်းလှမ်းတာပါ။ ADB က ရန်ကုန် - ပြည်လမ်းရဲ့ လမ်းပိုင်းအခြေအနေကိုတော့ သူတို့ ကူညီပါ့မယ်ဆိုပြီးတော့၊ အဲဒီတုန်းက ကျွန်တော်တို့ ဒေါ်လာသန်း(၆၀)နဲ့ပဲလုပ်ဖို့ ကျွန်တော် မှန်းခဲ့တာပါ။ ဒါပေမဲ့ မနေ့ကပဲ သူတို့ ထပ်ပေးမှ ဖြစ်မယ်ဆိုပြီးတော့ လုပ်ပါတယ်။ အဲဒီမှာလည်း ကျွန်တော်တို့ Pre F/S ကို ဩစတြေးလျကုမ္ပဏီနဲ့ သူတို့ ADB က ကုန်ကျစရိတ်နဲ့ Pre F/S လုပ်ပါတယ်။ အဲဒီမှာ တံတားပေါင်း(၄၃၄)ခု ရှိပါတယ်။ ဒီ (၁၆၁)မိုင်မှာ အဲဒီမှာ (၄၃၄)ခုလုံးကို အသေးစိတ် ဘယ်ဟာတွေကိုတော့ အသစ်ပြင်မယ်။ ဘယ်ဟာတွေကိုတော့ Strengthem လုပ်မယ်။ ဘယ်ဟာတွေကိုတော့ အစားထိုးမယ်ဆိုတာမျိုး ကျွန်တော်တို့ လေ့လာပြီးဖြစ်ပါတယ်။ အခု F/S ကိုလည်းပဲ ဩစတြေးလျကုမ္ပဏီနဲ့ လုပ်နေတာ ဖြစ်ပါတယ်။ အဲဒီမှာ တကယ့် EIA, SIA နဲ့ တကယ့်ကို အကောင်းဆုံးဖြစ်အောင် လုပ်ရမှာ ဖြစ်ပါတယ်။

ရန်ကုန်မြို့ပတ် အားလုံးသိကြတဲ့အတိုင်းပဲ ဂျပန်အစိုးရက ကျွန်တော်တို့ကို သန်း(၆၆၀) ပေးတယ်။ ပေးပြီးတော့ ရန်ကုန်မြို့ပတ်ကြီး မြှင့်တင်ဖို့ အဆိုပြုခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့က (၂၀၇)သန်းကိုပဲ ယူပါ့မယ်။ ကျွန်တော်တို့ မလုပ်တတ်တဲ့ Signalling System နဲ့ ကျွန်တော်တို့ မလုပ်တတ်တဲ့ Rolling Stock ကိုပဲ ယူပါ့မယ်။ လမ်းကိုတော့ ကျွန်တော်တို့ဘာသာ ကျွန်တော်တို့ ပြင်ပါ့မယ်။ ပြင်တဲ့အခါမှာ ဂျပန်အင်ဂျင်နီယာတွေ ကြီးကြပ်ပေးပါဆိုတော့ အခု ဂျပန်အင်ဂျင်နီယာတွေ ကြီးကြပ်ပေးတယ်။ တကယ့်ကို တံတား Approach မှာ၊ ဥပမာပြောရရင် တံတားကို ချဉ်းကပ်တဲ့နေရာမှာ သံလမ်းတစ်ဆက်ကို (၃)ပေခွဲထိတူးပြီးတော့ တကယ့် CBR တွေ တိုင်းပြီးတော့ တကယ့်ကျောက်တွေကို တစ်လွှာချင်း တစ်လွှာချင်း ကြိတ်ပြီးတော့ ပြီးပြီဆိုမှ ဒီ ကွန်ကရစ်အလွှာလေး ပါးပါးလေးလောင်းပြီးတော့မှ အဲဒီပေါ်မှာ Sub ballast ၊ ballast ဖြည့်တယ်။ တကယ့် တစ်သက်စာပဲ။ ကျွန်တော်တို့ကတော့ တစ်ခါတစ်ရံ (၂)နှစ်၊ (၃)နှစ် တစ်ကြိမ်လောက်တော့ ပြင်နေရတယ်။ သူတို့ကတော့ လုံး၀ အပြီးနီးပါးကို လုပ်သွားတာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အခုဆိုရင် အပိုင်းတွေခွဲပြီးတော့၊ အရှေ့ပိုင်း၊ အနောက်ပိုင်းတွေ ခွဲပြီးတော့ လုပ်နေပါတယ်။

နောက်တစ်ခု ပြောချင်တာက Yangon Urban Mass Rapid Transit System၊ ဒီကိစ္စကလည်းပဲ ၂၀၁၆ ခုနှစ်၊ ဧပြီလမှာ ကျွန်တော် တာဝန်ယူတယ်။ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လမှာ ရန်ကုန်မြို့ကြီးရဲ့ Traffic Congestion ကို ဖြေရှင်းဖို့ရာ မော်တော်ကားလမ်းနဲ့ပဲ အဆင်ပြေလို့ မရဘူး။ ရထားလမ်းကောင်းအောင် လုပ်မှဖြစ်မယ်။ အဲဒီအခါမှာ သူတို့အဆိုပြုထားတဲ့ YUTRA ဆိုတဲ့ Yangon Urban Transport Master Plan မှာပါတဲ့ UMRT ပါ။ ဒီ UMRT ပါ ဒီ (1)၊ (2) ကို လေ့လာပေးပါဆိုပြီးတော့ ကျွန်တော်က မေတ္တာရပ်ခံတယ်။ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လမှာ မေတ္တာရပ်ခံ

တယ်။ စတယ်။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လမှာ သူတို့ရဲ့ Pre F/S ပြီးပါတယ်။ Pre F/S ပြီးတဲ့အခါမှာ သူတို့ဟာ ဒီ(၂)မျိုး တင်ပြပါတယ်။ အရှေ့ - အနောက်လမ်းနဲ့ တောင် - မြောက်လမ်းပါ။ အဲဒီမှာ အရှေ့ - အနောက်လမ်းဟာ တစ်နာရီကို လူ(၂၇၀၀၀) Passengers ဟာ သွားလိမ့်မယ်။ ၂၀၃၀ ပြည့်နှစ် ကျော်ရင်။ ဒါကြီးက Mega City ကြီး ဖြစ်လာမယ်။ ဒီလိုဆိုခဲ့ရင် (၂၇၀၀၀) သွားခဲ့ရင် ဘယ်လို ရထားမျိုး ပြေးရမှာလဲဆိုတော့ (၆)တွဲပါတဲ့တွဲဆိုင်း (၃)မိနစ်ခြားပြေးမှ တွက်ခြေကိုက်မှာပါလို့ အဲဒီ လောက်ထိ ကျွန်တော်တို့ အသေးစိတ် တွက်ရပါတယ်။ ပေါ့တီပေါ့ဆ လုပ်လို့မရပါဘူး။

ရထားလမ်းဆိုတာ တစ်သက်စာ စဉ်းစားရမှာ ဖြစ်ပါတယ်။ အဲဒီတော့ အဲဒါကို ကျွန်တော်တို့ ဆောင်ရွက်တဲ့အခါမှာ တစ်နှစ်တိတိကြာတဲ့အခါမှာ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လမှာ ကျွန်တော်တို့ Report ပေးပါတယ်။ ပေးတာကို ကျွန်တော်တို့ လုပ်ကြဖို့ဆိုတဲ့အခါမှာ ငွေကိုလည်းပဲ ဂျပန်အစိုးရကနေ ပြီးတော့ ဂျပန်ဝန်ကြီးချုပ်ရဲ့ အတိုင်ပင်ခံကနေပြီးတော့ သူတို့ပေးပါ့မယ်။ အဲဒီမှာ ကျွန်တော်တို့သည် သိပ်ပြီးတော့ ချေးငွေတွေများအောင် လုပ်မှာလား။ အဲဒီမှာ G to G လုပ်မှာလား။ PPP လုပ်မှာလား ဆိုတာ။ PPP မှာ တချို့သောနိုင်ငံတွေမှာ PPP လုပ်တဲ့အခါမှာ အဲဒီထည့်တဲ့ Private ကုမ္ပဏီက တကယ်တမ်းကျတော့ တန်းလန်းကြီးဖြစ်ပြီးတော့ အခုဆိုရင် (၄)၊ (၅)၊ (၁၀)နှစ် ကြာနေတဲ့ Case တွေ ကျွန်တော်တို့က ဥပမာတွေ တွက်ရပါတယ်။

ဒီနေရာမှာ G to G ယူပြီးတော့မှ Operation ကို Private နဲ့ပြန်ပြီး ဆပ်ခိုင်းမှာလားပေါ့။ ဥပမာ ကျွန်တော်ဆိုလိုသည်မှာ ဆိပ်ကမ်းမှာ ကျွန်တော်တို့ (25) (26) ပေါ့။ မီတာ (၄၀၀) Jetty ကိုလုပ်တဲ့အခါမှာ ဒေါ်လာသန်း(၁၈၀)ကုန်တယ်။ အဲဒီ ဒေါ်လာသန်း(၁၈၀)ကို Private ကုမ္ပဏီကနေ ပြီးတော့ (၃၈)နှစ်အတွင်း ပြန်ဆပ်တယ်။ သူ့ကို (၃၈)နှစ် ကျွန်တော်တို့ ဘာမှဆပ်စရာမလိုဘူး။ (၃၈)နှစ် Operation ပေးတဲ့အခါမှာ Revenue ရှယ်ယာလည်း ရတယ်။ ဒီလိုနည်းနဲ့သွားရင်တောင်မှ ရထား ဆိုတာတော့ အင်မတန် ခက်တဲ့အကြောင်း ပြောတာပါ။

UMRT စနစ်။ အဲဒီမှာ ဒီနှစ် ကျွန်တော်တို့ နောက်ထပ် F/S လုပ်ပါတယ်။ တကယ့် Detail F/S လုပ်တယ်။ F/S လုပ်တဲ့အခါမှာ ခုနတုန်းက ခရီးသည်(၂၇၀၀၀)အစား တစ်နာရီကို (၃၀၀၀၀) လောက်ထိ ဖြစ်သွားနိုင်တယ်။ ဒီ တောင် - မြောက်ပေါ့။ အဲဒီအခါမှာ သူတို့က ရွေးခိုင်းပါတယ်။ တောင် - မြောက်ကို လုပ်မှာလား။ အရှေ့ - အနောက်ကိုလုပ်မှာလား ဆိုပြီးတော့။ ကျွန်တော်က လှိုင်သာယာက Traffic Demand များတဲ့အတွက်ကြောင့် လှိုင်သာယာ to တိုးကြောင်ကလေးမှာ အရေးကြီးတဲ့ Section တွေ၊ လှိုင်သာယာကနေပြီးတော့ ပါရမီထိ ဒီမြို့ပတ်ရဲ့လမ်းနှစ်လမ်းနဲ့ ချိတ်ဆက်နိုင်တဲ့ Exchange Station (၂)ခုဖြစ်နိုင်တဲ့ ပါရမီအထိ (၁၃)ဘူတာရှိတဲ့နေရာကို စတင်ပြီးတော့ Phase (1) အဖြစ်နဲ့ ဦးစားပေးဆောင်ရွက်ဖို့ဆိုတာ ကျွန်တော်တို့ လုပ်နေပါတယ်။ အသေးစိတ်တိုင်းရပါတယ်။ အသေးစိတ်အချက်အလက်တွေ အခုပြီးပါပြီ။ ကျွန်တော့်ဘက်မှ ပေးမယ့်ဟာတွေကော၊ သူတို့လုပ်ရမယ့် ဟာတွေကော ဘယ်နေရာမှာ Transit Oriented Development လုပ်မယ်ဆိုတာအထိ အသေးစိတ် ဒီဟာတွေဟာ ညှိနှိုင်းပါတယ်။ ဒါ အကြမ်းပဲ ကျွန်တော် ပြောတာပါ။

မူဆယ် - မန္တလေး။ မူဆယ် - မန္တလေးမှာ တကယ်တမ်း (၄၃၁)ကီလိုမီတာ၊ အကြမ်းဖျင်း ကျွန်တော် လာအိုမှာ ဆောက်တဲ့လမ်းသည် ဒီလိုပဲ ကျွန်တော်တို့ (၄၃၀)ကျော်လောက်ပဲ။ အဲဒီမှာ

5 Billion US ဒေါ်လာ ကုန်ပါတယ်။ အဲဒါကို တရုတ်ဆီက တရုတ်နဲ့ပေါင်းပြီးတော့ ဆောင်ရွက်ပါတယ်။ အဲဒီအခါမှာ ကျွန်တော်တို့က အဲဒီကိစ္စကိုရောပေါ့။ ခုနတုန်းကပြောတဲ့အတိုင်းပဲ သူသည် National Transport Master Plan မှာ ဦးစားပေးထဲမှာပါတယ်။ တရုတ် - မြန်မာ စီးပွားရေးလမ်းကြောင်းမှာ လည်းပဲပါတယ်။ တစ်ခါ Trans Asia Rail Link (UNESCAP) ကနေပြီးတော့ အဆိုပြုတဲ့ ဥရောပက နေပြီးတော့ အာရှအထိဆက်တဲ့ လမ်းကြောင်းကြီး Tran Asia Rail Link ရဲ့ အစိတ်အပိုင်းတစ်ခုလည်း ဖြစ်တယ်။ ဒါကြောင့် ဒီကြားထဲမှာလည်းပဲ တကယ့် Traffic Demand က တအားများတယ်။ ကုန်ကားက တစ်နေ့ကို အစီး(၃၀၀၀)နဲ့ (၅၀၀၀)ကြားကို မန္တလေးနဲ့ လားရှိုးကြားမှာ ရှိနေတယ်။ ရှိနေပြီးတော့ ဂုတ်တွင်းတို့၊ ဂုတ်ထိပ်တို့မှာ အရမ်းကျပ်နေတယ်။ ဒါ့ကြောင့် ဒီဟာသာ သွားခဲ့ရင် သူ့ရဲ့ ဒီဇိုင်းအတိုင်းဆိုရင် အကြာဆုံး(၅)နာရီပဲကြာမယ်။ ဒါဆိုရင် ဒီရထားဟာ ကားထက်လည်း ခုနကပြောတဲ့ သဘာဝပတ်ဝန်းကျင်နဲ့ပိုပြီးတော့ Familiar ဖြစ်တယ်။ အဲဒါကြောင့် ကျွန်တော်တို့ အခု F/S လုပ်နေတာ ဖြစ်ပါတယ်။ အရင်လက စပြီးတော့ လုပ်နေပါပြီ။ နောက်ထပ်ဟာတွေကို ဒီ Plan နဲ့ သွားပြီးတော့ F/S လုပ်နေတာဖြစ်ပါတယ်။

အဓိကအကျဆုံးကတော့ အချက်ပြစနစ် တပ်ဆင်ဖို့ပါ။ ကျွန်တော်တို့ရဲ့အချက်ပြစနစ်ကြီးက တကယ့် ဟိုးရှေးအကျဆုံး Very Primitive Method ပေါ့။ တကယ့် ရှေးအကျဆုံး Signalling System ၊ ကြိမ်ကွင်းကြီးနဲ့ထောင်ပြီးတော့ လုပ်နေရတဲ့ဟာ ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီဟာကိုဖျောက်မှ ဖြစ်မယ်။ လူပေါ်မှာမူတည်တဲ့၊ Secure မဖြစ်တဲ့၊ Safe မဖြစ်တဲ့ Operation အစား ကျွန်တော်တို့ဟာ အခုဆိုရင် ရန်ကုန် - မန္တလေးကို ကျွန်တော်တို့ Fully Automatic လုပ်မယ်။ ရန်ကုန် - ပြည်၊ ရန်ကုန် - မော်လမြိုင်ကို ကျွန်တော်တို့ Semi Automatic လုပ်မယ်ဆိုပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်လျက် ရှိပါတယ်။ အဲဒီကိစ္စအတွက်လည်းပဲ ခုနတုန်းက ဩစတြေးလျကုမ္ပဏီကို ADB အနေနဲ့ ဒီကိစ္စလေးပါ ဆောင်ရွက်ပေးဖို့ဆိုပြီးတော့ မနေ့က ထပ်ပြီးတော့ မေတ္တာရပ်ခံခဲ့ပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့ ရထားလမ်းတွေ ဘာကြောင့် ညံ့တာလဲ။ ဘာကြောင့် ညံ့တာလဲဆိုတော့ ကျွန်တော်တို့ အရင်တုန်းက သစ်သားဖားတွေ သုံးတယ်။ သစ်သားဖားတွေက အခု သစ်သားလည်း မရှိတော့ဘူးဆိုတဲ့အခါ ကွန်ကရစ်ဇလီဖားတုံးသုံးတယ်။ သုံးတဲ့အခါမှာလည်းပဲ တရုတ်ဒီဇိုင်းသုံးလိုက်၊ အိန္ဒိယဒီဇိုင်းသုံးလိုက်၊ ရတဲ့အကွေ့၊ အကွေ့ရတဲ့ဟာကိုယူပြီး လုပ်လိုက်တဲ့အခါမှာ ဒီဇိုင်း(၂)ခုမတူတော့ ဒီဟာတွေက အကုန်လုံးပြဿနာ ရှိပါတယ်။ ဒီကြားထဲမှာ ဖွဲ့စည်းပုံက အရင်တုန်းက ဆိုရင် (၄)မိုင် တစ်အုပ်စု၊ တစ်အုပ်စုမှာ (၁၀)ယောက်၊ လမ်းလျှောက်(၁)ယောက်၊ လုပ်သားခေါင်း (၁)ယောက်၊ ကျန်တဲ့လုပ်သား(၈)ယောက်နဲ့ (၁၀)ယောက်ဖွဲ့စည်းခဲ့ရာကနေပြီး ၁၉၉၆ ခုနှစ်ကျတော့ တို့ Semi Mechanized လုပ်ကြစို့ဆိုပြီးတော့ Semi Mechanized ပေါ့။ ဒီ ကွန်ကရစ် ဇလီဖားကို လူလည်း မ နိုင်တာမဟုတ်တော့ အဲဒါကို ဂျက် နဲ့ မ ရမယ်။ ဂျက် သုံးရမယ်။ တစ်ခါ ဒီ ကွန်ကရစ် ဇလီဖားရဲ့အောက်ကို ကျောက်တွေရောက်အောင် Packing ရိုက်ရတယ်။ ရိုက်တဲ့အခါမှာလည်းပဲ အဲဒီရိုက်တာကို Hand - tie Tamper ဆိုတာ လူနဲ့သုံးတဲ့ Hand - tie Tamper ဝယ်ရပါတယ်။ အခု Hand - tie Tamper (၁၀၀) ကျွန်တော် ဒီနှစ်ထဲ ရပါမယ်။ ဒါဆိုရင် ကျွန်တော့်မှာ Semi Mechanized ဂိုဏ်းတွေ ဖွဲ့လိုက်လို့ရှိရင် လမ်းတွေ၊ Tertiary လမ်းတွေပါ နည်းနည်းပိုပြီးတော့ ကောင်းကောင်းမွန်မွန် ထိန်းနိုင်မှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ရထားလမ်းပြုပြင် ထိန်းသိမ်းရေးစနစ်ကို

အစအဆုံးပြင်မှ ဖြစ်မယ်။ လူနဲ့လုပ်မယ့်အစား Semi Mechanized ကို သွားမှဖြစ်မယ်ဆိုတာကို ပြောတာပါ။

နောက်ထပ် ကုန်းတွင်းဆိပ်။ ကုန်းတွင်းဆိပ်တွေကလည်း ကျွန်တော် Dry Port တွေ ဆောက်ရမှာပါ။ ကျွန်တော်တို့မှာ Inter Governmental Agreement On Dry Port ဆိုပြီးတော့ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ UNESCAP ရဲ့ ဦးဆောင်မှုနဲ့ စာချုပ်မှာ လက်မှတ်ထိုးခဲ့ရတယ်။ တကယ်တမ်းလည်းပဲ ကျွန်တော်တို့ လုပ်ရမယ်။ အဓိကအားသာချက်က ဘာလဲဆိုတော့ Containerization၊ အားလုံး Container နဲ့ သယ်တဲ့စနစ်ဖြစ်မှ Multimodal Transport ဆိုတာ ဖြစ်လာမယ်။ Truck ပေါ်ကနေပြီးတော့ ရထားပေါ်တင်တယ်။ ရထားက တန်းပြီးတော့ သင်္ဘောဆိပ် ရောက်တယ်။ သင်္ဘောဆိပ်ကနေ သင်္ဘောပေါ်တင်တယ်။ အဲဒီလို Multimodal Transport ကွင်းဆက် Supply Chain ရဲ့ တန်ဖိုးတွေကျလာအောင် ဆောင်ရွက်ရမှာ ဖြစ်တဲ့အတွက်ကြောင့် ကုန်းတွင်းဆိပ် (၂)ခု အခုပြီးပါပြီ။ ဒီနှစ်ကုန်ကစပြီးတော့ အားလုံးကို လူတွေ Container သုံးလာအောင် အားပေးနေတာ ဖြစ်ပါတယ်။

နောက် (IT) ပေါ့။ သူတို့ပြောတဲ့ (IT) အတွက်၊ (IT) ဆိုတာ တကယ့်ဘူတာတွေမှာ တစ်ချို့ ဘူတာတွေမှာ မီးကမရှိသေးဘူး။ ဘူတာတွေမှာရှိနေတဲ့ အားလုံးကို Control လုပ်နိုင်တဲ့ ခုနပြောတဲ့ Operation အရ Control လုပ်မယ်။ နောက် ခုနတုန်းက Management System ကြီးတစ်ခုလုံးကို Control လုပ်ဖို့ MIS ဆိုတာကို ကျွန်တော်တို့ F/S ပြီးပါပြီ။ အဲဒီ သြစတြေးလျကုမ္ပဏီကနေပြီး ထပ်ပြီးတော့ တင်ဒါခေါ်ယူရေးတို့ ဒီဟာတွေကို ကျွန်တော်တို့ Network တစ်ခုလုံး ချိတ်ရမှာ ဖြစ်ပါတယ်။ ဒါမှသာ Ticketing ထိ အားလုံးသွားမှာ ဖြစ်ပါတယ်။ အဲဒီမှာ သူကဖွဲ့စည်းပုံပါ ပြင်ခိုင်းပါတယ်။ အဲဒီမှာ ကျွန်တော်တို့ တော်တော်တိုင်ပင်ကြပါတယ်။ ကျွန်တော်တို့ရဲ့ အခြေအနေဟာ ဘယ်သူကိုမှ ပြိုင်နိုင်တဲ့အခြေအနေ အခုလောလောဆယ်မှာ မရှိပါဘူး။ ခုနလွှတ်တော်ကိုယ်စားလှယ်ကြီး ပြောသွားတဲ့အတိုင်းပါပဲ ကျွန်တော်တို့ ရထား၊ ကားနဲ့ မပြိုင်နိုင်သေးပါဘူး။ အဲဒီတော့ အနည်းငယ် ပြိုင်နိုင်လောက်အောင်၊ နည်းနည်း ရပ်တည်နိုင်လောက်အောင်တော့ အရင်ဆုံး လုပ်ကြဦးစို့ရဲ့။ အဲဒါပြီးမှ Reorganization ကို သွားမှာ ဖြစ်ပါတယ်။

အဲဒီမှာလည်း ဝန်ထမ်းတွေရဲ့ ခုနတုန်းက စိတ်ဓာတ်ပေါ့။ ကျွန်တော်တို့က Monopolistic Position တစ်ယောက်တည်းအုပ်ချုပ်၊ တစ်ယောက်တည်း စီမံခန့်ခွဲခဲ့တဲ့ Position ကနေပြီးတော့ ဈေးကွက် စီးပွားရေးစနစ်ကို ပြိုင်တဲ့အခါမှာ ကျွန်တော်တို့ ဝန်ထမ်းတွေဟာ Service Minded ဝန်ဆောင်မှု စိတ်ဓာတ်အပြည့်ရှိအောင် မနည်းကိုလုပ်နေရပါတယ်။ အခုလည်းပဲ ကျွန်တော်(၄)နှစ် သင်တန်း အလကားပေးပါတယ်။ အဲဒီ JICA က အဖွဲ့တွေနဲ့ ကျွန်တော် ဒုတိယနှစ် ရောက်ပါပြီ။ ခုနတုန်းက ဒီ နှုတ်ဆက်တာကအစ၊ ဦးညွှတ်တာကအစ အားလုံး ခုန သန့်ရှင်းရေးကအစ အားလုံးကို လေ့ကျင့် သင်ကြားပေးနေပါတယ်။ တစ်ခါတည်း မပြောင်းနိုင်ပါဘူး။ သူတို့ Corporatization ၁၉၈၇ ခုနှစ် ဂျပန်မှာ စပါတယ်။ အဲဒီ Corporatization အချိန်ကစပြီး နှစ်အစိတ်၊ သုံးဆယ် ယူခဲ့ရတာပါ။ လူတွေဟာ Service Minded သူတို့လည်း မဖြစ်ပါဘူးဆိုပြီးတော့ ပြောခဲ့တာ ဖြစ်ပါတယ်။

တစ်ခါ ဘဏ္ဍာရေးစီမံခန့်ခွဲမှုကတော့၊ ဘဏ္ဍာရေးအခြေအနေကတော့ အရင် ကျွန်တော် ပြည်ထောင်စုလွှတ်တော်မှာ တင်ပြခဲ့တဲ့အတိုင်းပါပဲ။ ကျွန်တော် ၂၀၁၉-၂၀၂၀ ရှေ့နှစ်ဘတ်ဂျက်ထဲမှာ တော်တော်ရင်လေးစရာ ကောင်းပါတယ်။ ကျွန်တော် ၁၉၈၈ ခုနှစ် မတိုင်ခင်က အကြွေးပါ။ ရထားဆိုတာ ကိုယ်ဘာမှမလုပ်တတ်တော့ အစဉ်အလာအရကိုက ဈေးငွေလေးရမှ သို့မဟုတ် ကိုယ့်မှာ ကိုယ်ပိုင်ရှိမှ နိုင်ငံခြားငွေနဲ့ ဝယ်ရတာဖြစ်တယ်။ အဲဒီအခါမှာ ၁၉၈၈ ခုနှစ် မတိုင်ခင်က ပဲရစ်ကလပ် နိုင်ငံတွေက အကြွေးတွေကို တစ်ဝက်လျှော့ပေးတာတောင်မှ သူရဲ့အတိုးနဲ့အရင်း ကျွန်တော်ဆပ်ရမယ့် ဟာသည် ကျပ်(၁၂၆)ဘီလီယံ ရှိပါတယ်။ ကျွန်တော် ရထားဝင်ငွေရဲ့ (၂)ဆရှိပါတယ်။ အဲဒီတော့ နောက်တစ်ခါ ပင်စင်စားတဲ့ ဝန်ထမ်းပေါင်း(၁၈၀၀၀)၊ အဲဒီပင်စင်နဲ့ပင် ကျွန်တော် ကျပ်(၁)ဘီလီယံ ကျော်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့သည် လောလောဆယ် မပြေးခင်ကနေ ရှုံးနေတဲ့ အဖွဲ့အစည်း ဖြစ်တယ်။ သို့သော် ရှေးတုန်းကတည်းက ကျွန်တော်တို့သည် Board နဲ့ထားခဲ့တယ်။ Corporation ဆိုတာ နောက်မှပြောလိုက်တာပါ။ ဒီ Public Service Application ဖြစ်တယ်။ အဲဒါကို အကောင်းဆုံး ဆောင်ရွက်ရမှာ ဖြစ်တယ်။ အဲဒီမှာ ကျွန်တော် ပုဂ္ဂလိကဟာတွေ ပါဝင်ဖို့ရယ်။ Investment မှာလည်း ပုဂ္ဂလိကတွေပါဝင်လာအောင် ကျွန်တော်တို့ စည်းရုံးဆွဲဆောင်လျက် ရှိပါတယ်။ ဒီနေရာမှာ ဒီလို ရထားလုပ်ငန်းသည် အင်မတန်စရိတ်ကြီးမားတဲ့ အတွက်ကြောင့် အရင်းအနှီးဟာလည်း ရင်းနှီးပြီးရင် နှစ်(၃၀)ကြာမှ အရင်းကြေတာတို့ ဘာတို့ဖြစ်တဲ့အတွက်ကြောင့်မို့ အတော်တော့ ခက်ပါတယ်။

အခုလောလောဆယ် အဲဒီအတိုင်း ဆောင်ရွက်နေပါတယ်။ ဩစတြေးလျက နိုင်ငံတစ်ခုကလည်း ကျွန်တော်တို့ဆီမှာ Turnout လာထုတ်မယ်။ Crossing Product တွေ၊ Turnout တွေ လာထုတ်ရင် ကျွန်တော် သက်သက်သာသာနဲ့ သုံးရမယ်။ သူက အရှေ့တောင်အာရှနိုင်ငံတွေကို ရောင်းချင်တယ်လို့ ပြောပါတယ်။ အဲဒါတွေလည်း ကျွန်တော်တို့ Joint Venture လုပ်ဖို့ ဆွေးနွေးနေပါတယ်။ နောက်တစ်ခါ ဂျပန်ကုမ္ပဏီတစ်ခုကလည်း ကွန်ကရစ်ဇလီဖားထုတ်တဲ့ ကျွန်တော်တို့ရဲ့ မသုံးတော့တဲ့ စက်ရုံအဟောင်း၊ ကွန်ကရစ် ဇလီဖားကလည်း လောက်သွားပြီဆိုတော့ သူက အဲဒါကို Precast Concrete Structure ထုတ်ဖို့၊ Joint Venture လုပ်ဖို့ရာအတွက် ကျွန်တော်တို့ နောက်ဆုံးအဆင့် ရောက်နေပါပြီ။ အဲဒါလည်းပဲ အားလုံးခွင့်ပြုခဲ့ရင် ကျွန်တော်တို့ လုပ်မှာဖြစ်ပါတယ်။ အဲဒီလိုနည်းနဲ့ ပါလာအောင် ဆောင်ရွက်နေတဲ့အကြောင်း တင်ပြအပ်ပါတယ်။ နောက် စက်ခေါင်းနဲ့ တွဲဆိုင်းတွေ ပြုပြင်တည်ဆောက်တဲ့အခါမှာ ကျွန်တော်တို့ အရင်အစိုးရ လက်ထက်မှာ တရုတ်နိုင်ငံရဲ့ ဈေးငွေနဲ့ စက်ပစ္စည်းတွေ ဝယ်ပါတယ်။ အဆောက်အအုံကတော့ ကျွန်တော်တို့ဘာသာ ဆောက်ပါ တယ်။ ဒါပေမဲ့ အဲဒီမှာ စက်ရုံအဆောက်အအုံကို ဆောက်တယ်။ ဒါပေမဲ့ မနှစ်ကတုန်းက အမြန်ဆုံး ဒီစက်ခေါင်း ထုတ်နိုင်အောင်၊ တွဲထုတ်နိုင်အောင်ပဲ အဓိကထားပြီး စက်ပစ္စည်းတွေ အထိုင်ကိုပဲ အဓိကထားပြီး ကျွန်တော်တို့ လုပ်လိုက်တဲ့အတွက်ကြောင့် (၂၁)တွဲနဲ့ စက်ခေါင်း(၁၀)လုံးတော့ ဒီနှစ်ထဲမှာ ပြီးပါတယ်။ (၂၁)တွဲက ပြီးပါတယ်။ စက်ခေါင်း(၁၀)လုံးလည်း ဒီနှစ်ထဲမှာ ကျွန်တော်တို့ ပြီးမှာဖြစ်ပါတယ်။

နောက်ထပ် ဒီနှစ် ၂၀၁၈ - ၂၀၁၉ ခုနှစ်မှာတော့ ကျွန်တော် ဘတ်ဂျက်အဖြတ်ခံရတော့ ရိုးရိုးတွဲ(၁၅)တွဲပဲ ရပါတယ်။ အဲဒီမှာ ကျွန်တော်တို့ဟာ လူစီးတွဲကို (၅၀၀)ဝယ်ပါ။ ကုန်တွဲ ကိုတော့ အနည်းဆုံး(၈၀၀)ဖြည့်တင်းပါလို့ ပြောပါတယ်။ ဘာလို့တုန်းဆိုတော့ ကျွန်တော်တို့ ကုန်တွဲတွေက စစ်မဖြစ်ခင်က ကုန်တွဲပေါင်း (၉၀၀၀)ကျော်ရှိတယ်။ အခု (၂၀၀၀)ကျော်ပဲ ကျွန်တော် သုံးနိုင်ပါတယ်။

စစ်မဖြစ်ခင်က ၁၉၄၂ ခုနှစ်ကထက် နည်းနေပါတယ်ဆိုတဲ့အကြောင်းကို ကျွန်တော် တင်ပြအပ်ပါတယ်။ ဒါမှသာလျှင် ကျွန်တော်က ကုန်ကိုများများ သယ်ပါ။ ဒီ Freight Transport ကို ပိုပြီးတော့ ဦးစားပေးပါ ဆိုပြီးတော့ ADB က အကြံပြုပါတယ်။ ဘာလိုတုန်းဆိုတော့ ကုန်ဆိုတာက ကုန်သည် သည် စီးပွား ရအောင်လုပ်တယ်။ ဒါကြောင့် ကျွန်တော်တို့က ကုန်သည်ဆီကတော့ ကုန်သယ်ယူပို့ဆောင်ရေးဟာ စီးပွားရေးတွက်ခြေကိုက်ရင် လုပ်ရမှာဖြစ်ပါတယ်။ လူကျတော့ ကျွန်တော်တို့က တတ်နိုင်သမျှ လူကို အရှုံးတော့ခံရနိုင်တယ်။ ဒါသည် နိုင်ငံရဲ့တာဝန်ဖြစ်တယ်လို့ ကျွန်တော်တို့ ခံယူပါတယ်။

အခု နိဂုံးချုပ်ပြောရရင်တော့ ကျွန်တော်တို့မှာ အမျိုးသား Transport Policy ရှိပါတယ်။ Transport Policy (၁၂)ချက်မှာ အရေးအကြီးဆုံးအချက်က ထိရောက်ခေတ်မီပြီး စရိတ်စက သက်သာသော သယ်ယူပို့ဆောင်ရေးစနစ် တည်ထောင်ရန်ဆိုပြီးတော့ ကျွန်တော်တို့ ချမှတ်ထားပါတယ်။ နောက်တစ်ခါ လွတ်လပ်တဲ့ ယှဉ်ပြိုင်တဲ့ ဈေးကွက်ဖြစ်ရပါမယ်။ ဥပမာ မော်တော်ကားရော၊ ရထားရော၊ ရေကြောင်းရော၊ လေကြောင်းရော ဒါတွေသည် ပြည်သူလူထုမှာ ရွေးချယ်ခွင့် ရှိရမယ်။ ပိုပြီးတော့ ရွေးချယ်နိုင်လောက်အောင် အခွင့်အလမ်းတွေကို အစိုးရကဖန်တီးပေးရမှာ ဖြစ်ပါတယ်။ နောင်ကျရင်လည်း ရထားကို အစိုးရက မပြေးပါဘူး။ မော်တော်ကားလည်း အစိုးရက မပြေးပါဘူး။ အားလုံးသူတို့ ပြိုင်နိုင်အောင် ကျွန်တော်တို့ တည်ဆောက်ရမှာ ဖြစ်ပါတယ်။ ဒီကိစ္စတွေအတွက် အားလုံးအချိန်ယူ ဆောင်ရွက်သွားရမှာဖြစ်တဲ့အကြောင်း၊ ကျွန်တော်တို့သည် အကောင်းဆုံးဖြစ်အောင်၊ အချွေတာနိုင်ဆုံး ဖြစ်အောင်၊ အကျိုးရှိ ထိရောက်သော ရင်းနှီးမြှုပ်နှံမှုတွေဖြစ်အောင် ဆောင်ရွက်နေပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ**။ ။မေးခွန်း လာရောက်ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်ရဲ့ နည်းဥပဒေအရ ပထမ တစ်နာရီက မေးခွန်း မေးမြန်းခြင်းနဲ့ ဖြေကြားခြင်းအစီအစဉ် ဖြစ်ပါတယ်။ အခု မေးခွန်းတစ်ခုပဲ ရှိပါသေးတယ်။ ကျွန်တော်တို့ တစ်နာရီပြည့်ပါပြီ။ အဲဒါကြောင့် ကျန်သေးတဲ့ဟာကိုလည်း ကျွန်တော်တို့ မေးခွန်းတွေကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း လွှတ်တော်ကို အသိပေး ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်ငါးဦး မေးမြန်းသည့် မေးခွန်းများဟာ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယ ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ ဟားခါးမြို့နယ်အတွင်းရှိ တိလပ်(Tilak)ကျေးရွာတွင် သောက်သုံးရေကန် တိုးချဲ့ပေးခြင်းနှင့် နောက်ထပ်ရေလှောင်ကန် အသစ်တစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှန်အောရ် က ချင်းပြည်နယ်၊ ဟားခါးမြို့နယ်အတွင်းရှိ တိလပ်(Tilak)ကျေးရွာတွင် သောက်သုံးရေကန် တိုးချဲ့ပေးခြင်းနှင့် နောက်ထပ်ရေလှောင်ကန် အသစ်တစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၁။**

**ဦးရှန်အောရ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ချင်းပြည်နယ် အမှတ်(၂)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရှန်အောရ် ဖြစ်ပါတယ်။ ကျွန်တော်မေးချင်တဲ့ မေးခွန်းကတော့ ဟားခါးမြို့နယ်မှာရှိတဲ့ တိလပ်(Tilak)ကျေးရွာရဲ့ သောက်သုံးရေ ပြဿနာဖြစ်ပါတယ်။ တိလပ်(Tilak)ကျေးရွာဟာဆိုရင် ဟားခါးမြို့နယ်နဲ့တော်တော်ဝေးတယ်။ မိုင်(၉၀)ဝေးပါတယ်။ ကားနဲ့သွားမယ်ဆိုရင်တော့ ဂန့်ဂေါဘက်ကနေ သွားရပါတယ်။ မိုင်(၁၀၀)ကျော်ဝေးပါတယ်။ အဲဒီဒေသဟာ မိုးခေါင်ရေရှားဒေသမှာ ရှိပေမယ့် မြေဩဇာအလွန်ကောင်းပြီးတော့ လျင်မြန်စွာ တိုးတက်လာတဲ့ ကျေးရွာဖြစ်ပါတယ်။ အိမ်ခြေအားဖြင့် (၁၁၅)အိမ်၊ လူဦးရေအားဖြင့် (၆၇၀)ဦးရှိတဲ့ ရွာကြီးဖြစ်ပါတယ်။ ရွာရဲ့မြောက်ဘက် (၁)မိုင်ခွဲအကွာမှာ (၃)ဧကခန့်ကျယ်ဝန်းတဲ့ ရေလှောင်ကန်ကို တည်ဆောက်ပြီး သောက်သုံးရေအတွက် အားထားကြပါတယ်။ ဒါပေမဲ့ လူဦးရေတိုးပွားလာတဲ့အတွက်ကြောင့် နွေရာသီမှာ သောက်သုံးရေ အခက်အခဲရှိလာပါတယ်။ ဒါကြောင့်မို့လို့ ရေလှောင်ကန် အဲဒီရေလှောင်ကန်ကနေ စိမ့်ထွက်နေတဲ့ရေကို ကွန်ကရစ်ဖြင့် ပိတ်မယ်ဆိုပါက လူ(၁၀၀)လောက်အတွက် လုံလောက်နိုင်တဲ့ အနေအထားရှိပါတယ်။ ပိတ်လှောင်မယ့် အကျယ်အဝန်းကတော့ ပေ(၆၀)လောက်ပဲရှိပါတယ်။ နောက် ရေလှောင်ကန်အနီးမှာ နောက်ထပ် ရေလှောင်ကန်အသစ်တစ်ခု တူးဖော်ပြီးတော့ တည်ဆောက်မယ်ဆိုပါက နောက်ထပ်တိုးပွားလာမယ့် လူဦးရေနဲ့ ကျွဲ၊ နွားတိရစ္ဆာန် နောက် လယ်ယာမြေတွေအတွက် လုံလောက်နိုင်စွမ်း ရှိပါတယ်။

အဲဒါကြောင့်မို့လို့ လက်ရှိ သောက်သုံးရေ အခက်အခဲကို ဖြေရှင်းပေးနိုင်ရန် လက်ရှိရေလှောင်ကန်မှ စိမ့်ထွက်ရေများကို ပေးလှောင်နိုင်ရန် တိုးချဲ့ပေးခြင်းနဲ့ နောက်ထပ် ရေလှောင်ကန်အသစ်တစ်ခု တူးဖော်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိကို ဒေသခံပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာကို မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ ဖရူဆိုမြို့နယ်၊ တော်ခူကျေးရွာအုပ်စု၊ ပလိုဒေးခိုမှ ပရက်စောခူထိ (၅) မိုင် (၄) ဖာလုံ၊ ပရက်စောခူမှ သော်ခူထိ (၂)မိုင် (၅)ဖာလုံ၊ သော်ခူမှ ခေါပရာထိ (၂)မိုင်၊ စုစုပေါင်း (၁၀/၁)မိုင်အား မြေသားလမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်ရှားမူ က ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ ဖရူဆိုမြို့နယ်၊ တော်ခူကျေးရွာအုပ်စု၊ ပလိုဒေးခိုမှ ပရက်စောခူထိ (၅)မိုင် (၄)ဖာလုံ၊ ပရက်စောခူမှ သော်ခူထိ (၂)မိုင် (၅)ဖာလုံ၊ သော်ခူမှ ခေါပရာထိ (၂)မိုင်၊ စုစုပေါင်း (၁၀/၁)မိုင်အား မြေသားလမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၃။**

**ဒေါ်ရှားမူ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ရှားမူ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ ဖရူဆိုမြို့နယ်၊ တော်ခူကျေးရွာအုပ်စု၊ ပလိုဒေးခိုရွာမှ ပရက်စောခူထိ (၅) မိုင် (၄) ဖာလုံကိုလည်းကောင်း၊ ပရက်စောခူမှ သော်ခူထိ (၂) မိုင် (၅) ဖာလုံကို သော်လည်းကောင်း၊ သော်ခူမှ ခေါပရာထိ (၂)မိုင်၊ စုစုပေါင်း (၁၀)မိုင် (၁) ဖာလုံအား မြေသားလမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ၊ အစီအစဉ် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဖောက်လုပ်ပေးပါ မည်နည်း သိရှိလိုပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မေးခွန်းမေးမြန်းရတဲ့ ကျိုးကြောင်းဖော်ပြချက်ကို တင်ပြလိုပါတယ်။ ဖရူဆိုမြို့နယ်၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ စီမံကိန်းလျာထားချက်တွင် ပြည်နယ်ရန်ပုံငွေဖြင့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ် အမှတ်(၃)တွင် ကျွန်မ၏ မေးခွန်းပါ လမ်းပိုင်းအား ဆောင်ရွက်ပေးရန် ပါဝင်သော်လည်း တော်ခူကျေးရွာအုပ်စု၊ တော်ခူရွာသစ်မှ ပလဲလယ် - ပလိုဒေးခို လမ်းပိုင်းဖြစ်သည့် (၄) မိုင် (၅) ဖာလုံကိုသာ မြေပြင်မှာ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရပါတယ်။

ပလိုဒေးခိုမှ ခေါပရာထိ ဆောင်ရွက်နိုင်ခြင်းမရှိသေးကြောင်း၊ အဆိုပါ လမ်းပိုင်းတွင် ဆိုင်ကယ်၊ ကားတို့ မသွားနိုင်ဘဲ ခြေလျင်တစ်ဦးတည်းသာ လမ်းလျှောက် သွားလာနိုင်ရတဲ့ အခြေအနေသာ ရှိနေ ပါသေးတယ်။ ဒါကြောင့် အဆိုပါ အုပ်စုအတွင်းရှိ ကျေးရွာများတွင် ကျောင်းများ၊ ဆေးပေးခန်းများမှ ဝန်ထမ်းများသည် သွားရေး၊ လာရေးခက်ခဲသောကြောင့် အလုပ်တာဝန်များကို ပုံမှန် မထမ်းဆောင်နိုင် ပါသဖြင့် ဒေသခံပြည်သူများအနေဖြင့် နောက်ဆက်တွဲ အခက်အခဲများစွာ ကြုံတွေ့နေရပါသောကြောင့် အထက်ပါမေးခွန်းများကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ မတူပီခရိုင်နှင့် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်တို့ကို ဆက်သွယ်ထားသော လမ်းပိုင်းဖြစ်သည့် တိန်ဆီး - ရမ်စီးလမ်း (၅၆)မိုင် လမ်းပေါ်ရှိ အဓိကလိုအပ်သော တံတား(၆)စင်းအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။**　　။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန် က ချင်းပြည်နယ်၊ မတူပီခရိုင်နှင့် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်တို့ကို ဆက်သွယ်ထားသော လမ်းပိုင်းဖြစ်သည့် တိန်ဆီး - ရမ်စီးလမ်း (၅၆)မိုင် လမ်းပေါ်ရှိ အဓိကလိုအပ်သော တံတား(၆)စင်းအား ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၆။**

**ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။**　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလားလ်မင်းထန် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ချင်းပြည်နယ်၊ မတူပီခရိုင်နှင့် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်တို့ကို ဆက်သွယ်ထားသော လမ်းပိုင်းဖြစ်သည့် တိန်ဆီး - ရမ်စီးလမ်း (၅၆)မိုင် လမ်းပေါ်ရှိ အဓိက လိုအပ်သောတံတား(၆)စင်းအား လာမယ့် ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ မတူပီခရိုင်၊ မတူပီမြို့နယ်ရှိ တိန်ဆီး - ရမ်စီး (၅၆)မိုင် လမ်းဟာဆိုလို့ရှိရင် ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ စတင်ပြီးတော့မှာ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဘတ်ဂျက်ဖြင့် စတင်ဖောက်လုပ်ခဲ့ပြီး ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြီးစီးခဲ့ပါတယ်။ ၎င်းလမ်းဟာဆိုလို့ရှိရင် မတူပီခရိုင်ရှိ မတူပီမြို့ပေါ်မှ ပြည်သူများနှင့် အနီးအနားရှိ ကျေးရွာပေါင်း (၂၀)ကျော်တို့မှ ဒေသခံပြည်သူ (၁၈၀၀၀)ကျော်တို့က မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်သို့ ထွက်ပေါက်လမ်းအဖြစ် အဓိကသုံးတဲ့လမ်း ဖြစ်ပါတယ်။ မတူပီမြို့နယ်မှ ပြည်မသို့ အနီးဆုံး ဒုတိယထွက်ပေါက်လမ်းလည်း ဖြစ်ပါတယ်။ မတူပီမြို့၏ ပြည်မ ထွက်ပေါက်ဖြစ်တဲ့ မတူပီ-မင်းတပ်-ပခုက္ကူလမ်းဟာ ဆိုလို့ရှိရင် မိုင်အားဖြင့် စုစုပေါင်း(၂၀၀)မိုင်တိတိ ကွာဝေးပါတယ်။ မိုးရာသီမှာ ဆိုလို့ရှိရင် မြေပြို၍ လမ်းများ ပိတ်ဆို့မှုလည်း မကြာခဏ ဖြစ်ပေါ်လျက်ရှိပါတယ်။

ယခုဖော်ပြပါ မတူပီ - ဂန့်ဂေါလမ်းသည် စုစုပေါင်းမိုင်အားဖြင့် (၁၁၅)မိုင်သာ ဝေးကွာသောကြောင့် ကျွန်တော်တို့ မတူပီအတွက် အလွန်အရေးပါတဲ့ ဒုတိယထွက်ပေါက်လမ်း ဖြစ်လာပါတယ်။ မတူပီမြို့သည် ၂၆-၆-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်က ခရိုင်မြို့အဖြစ် တိုးချဲ့ပေးခဲ့သည်နဲ့အညီ နိုင်ငံ့ဝန်ထမ်းများလည်း ပိုမိုများပြားလာတော့မယ် ဖြစ်လာပါတယ်။ ဒေသခံပြည်သူများနဲ့ နိုင်ငံ့ဝန်ထမ်းများ

အတွက် စားနပ်ရိက္ခာနဲ့ ကုန်စည်ပို့ဆောင်ရေး၊ ခရီးသွားလာရေး အဆင်ပြေစေရေးအတွက် ဖော်ပြပါ တံတား(၆)စင်းအား ဆောက်လုပ်ပေးရန် လိုအပ်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုရန် တင်ပြအပ်ပါတယ်ခင်ဗျား။ အပြာရောင်နဲ့ မျဉ်းတားထားတဲ့နေရာက ကျွန်တော်ပြောတဲ့ တံတား(၆)စင်းတည်ဆောက်ဖို့ လိုအပ်တဲ့နေရာ လမ်းပိုင်း ဖြစ်ပါတယ်။ ဒီဟာကတော့ လမ်းဖောက်လုပ်တဲ့အချိန်မှာ အဲဒီကုမ္ပဏီက ဆိုင်းဘုတ်ထောင်ထားတဲ့ ဆိုင်းဘုတ်ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ အဲဒီလမ်းဖောက်လုပ်ဆဲအချိန်မှာ ကျွန်တော်တို့ ကွင်းဆင်းမှတ်တမ်းဓာတ်ပုံ ဖြစ်ပါတယ်။ ဒါကတော့ ပေ(၁၀၀)တံတား တည်ဆောက်ရန် လိုအပ်လျက် ရှိတဲ့ ဖျာချောင်းတံတားဖြစ်ပါတယ်။ ဒါက ပေ(၅၀)တံတား တည်ဆောက်ရန် လိုအပ်လျက်ရှိတဲ့ ဒယ်ချောင်း တံတားဖြစ်ပါတယ်။ ဒါက ပေ(၅၀)တံတား တည်ဆောက်ရန် လိုအပ်လျက်ရှိတဲ့ ဘောင်ချောင်းတံတား ဖြစ်ပါတယ်။ ပေ(၄၀)တံတား တည်ဆောက်ရန် လိုအပ်လျက်ရှိတဲ့ ထယ်ဟင်ချောင်း ဖြစ်ပါတယ်။ ပေ(၄၀)တံတား တည်ဆောက်ရန် လိုအပ်လျက်ရှိတဲ့ ဆငယ်ချောင်းဖြစ်ပါတယ်။ ဒါကလည်း ယာယီ သစ်သားနဲ့ပဲ မိုးတွင်းသွားလာဖို့ အဆင်ပြေအောင်ဆိုပြီးမှ ဆောက်လုပ်ထားတာဖြစ်ပါတယ်။ ပေ(၄၀) ဆောက်ရန်လိုအပ်တဲ့ ဆန်စက်ချောင်းဖြစ်ပါတယ်။ ဒေသခံတွေဟာ ခက်ခက်ခဲခဲနဲ့ ဒီလိုမျိုးပဲ ရုန်းကန်ပြီးမှ သွားရတာဖြစ်ပါတယ်။ ဒီဟာကို ဌာနအနေနဲ့ တည်ဆောက်ပေးနိုင်မယ်ဆိုပါက ခရီးသွားပြည်သူများ အတွက် အင်မတန်မှ အဆင်ပြေမယ်ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ မတူပီခရိုင်နဲ့ မကွေးတိုင်း ဒေသကြီး၊ ဂန့်ဂေါခရိုင်တို့ကို ဆက်သွယ်ထားသော လမ်းပိုင်းဖြစ်သည့် တိန်ဆီး-ရမ်စီးလမ်း(၅၆)မိုင် လမ်းပေါ်ရှိ အဓိကလိုအပ်သော တံတား(၆)စင်းအား လာမည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

ပေ (၁၀၀) တံတား တည်ဆောက်ရန်လိုအပ်လျက်ရှိသော ဖျာချောင်း မြင်ကွင်းပုံ (ငင)



ပေ (၅၀) တံတား တည်ဆောက်ရန်လိုအပ်လျက်ရှိသော ဒယ်ချောင်း မြင်ကွင်းပုံ (၄၄-၁)



ပေ (၄၀) တံတား တည်ဆောက်ရန်လိုအပ်လျက်ရှိသော ဆငယ်ချောင်း မြင်ကွင်းပုံ (၄၄-၂)



**နယ်စပ်ရေးရာဝန်ကြီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြုလုပ်ထားသော တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်အတွင်းရှိ လမ်း/တံတားများသည် စံချိန်စံညွှန်း အရည်အသွေးပြည့်မီမှုမရှိခြင်းကြောင့် ပျက်စီးယိုယွင်းနေမှုများကို လုပ်ဆောင်သော ကုမ္ပဏီများအား စာချုပ်ပါအချက်အလက် အရည်အသွေးအတိုင်း ပြန်လည်ပြုပြင်စေခြင်း ရှိ/မရှိနှင့် နောင်ဘဏ္ဍာရေးနှစ်များတွင်လည်း ဆောက်လုပ်မည့် ကုမ္ပဏီများအား တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန်၊ ပျက်ကွက်ပါက အရေးယူခြင်း၊ အရည်အသွေး စစ်ဆေးခြင်းနှင့် စိစစ်လက်ခံခြင်းတို့အား တိကျခိုင်မာသော စီမံမှုစနစ်များ ဆောင်ရွက်ထားခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ။**　　။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဟန်ဝင်းသိန်း က နယ်စပ်ရေးရာဝန်ကြီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြုလုပ်ထားသော တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်အတွင်းရှိ လမ်း/တံတားများသည် စံချိန်စံညွှန်း အရည်အသွေး ပြည့်မီမှုမရှိခြင်းကြောင့် ပျက်စီးယိုယွင်းနေမှုများကို လုပ်ဆောင်သော ကုမ္ပဏီများအား စာချုပ်ပါ အချက်အလက် အရည်အသွေးအတိုင်း ပြန်လည်ပြုပြင်စေခြင်း ရှိ/မရှိနှင့် နောင်ဘဏ္ဍာရေးနှစ်များ

တွင်လည်း ဆောက်လုပ်မည့် ကုမ္ပဏီများအား တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန်၊ ပျက်ကွက်ပါက အရေးယူခြင်း၊ အရည်အသွေး စစ်ဆေးခြင်းနှင့် စိစစ်လက်ခံခြင်းတို့အား တိကျခိုင်မာသော စီမံမှုစနစ်များ ဆောင်ရွက်ထားခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**ဦးဟန်ဝင်းသိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟန်ဝင်းသိန်း ဖြစ်ပါတယ်။ ကျွန်တော် ဒီမေးခွန်းမေးရခြင်းရဲ့ အဓိက ရည်ရွယ်ချက်ကတော့ နိုင်ငံတော်ရဲ့ ဘဏ္ဍာတော်တွေဖြစ်တဲ့ မူရင်းပိုင်ရှင်တွေဖြစ်တဲ့ ပြည်သူတွေအတွက် လုပ်ဆောင်ပေးတဲ့အခါမှာ ပြည်သူတွေ ထိုက်တန်စွာ ရရှိအောင် ဘယ်လို စီမံဆောင်ရွက်နေတယ်ဆိုတာကို သိစေလိုပါတယ်။ ဒီမိုကရေစီနိုင်ငံကို အုပ်ချုပ်တယ်ဆိုတာ စီမံခန့်ခွဲတတ်ဖို့ လုပ်တာပါ။ Good Governance အစား Good Management ပါ။ အဲဒီတော့ နိုင်ငံ့ဘဏ္ဍာတော်တွေကို စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ဌာနတွေက အလွဲသုံး၊ အလေအလွင့်မရှိအောင် ဘယ်လိုလုပ်ဆောင်နေသလဲဆိုတာကို ပြည်သူနဲ့အတူ သိစေလို၍ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဒါ သဘွတ်ချောင်း၊ မော်ငန်းလမ်းရဲ့ ပျက်စီးနေတဲ့အခြေအနေတွေ ဖြစ်ပါတယ်။ ဒါ ပယရွာနှင့် မီးတိုင်တက်လမ်းရွာမှာ သွယ်တန်းထားတဲ့ အဲဒီလမ်းပိုင်းဖြစ်ပါတယ်။ ဒါ မြေဖိသိပ်မှုမရှိဘူး။ ပြီးတော့ ကောင်းစွာ မြေရွေးချယ်မှုမရှိဘဲနဲ့ ပြီးစလွယ် လုပ်သွားတဲ့အတွက်ကြောင့် မိုးရွာတဲ့အချိန်မှာ ပျက်သွားတဲ့အခြေအနေ ဖြစ်ပါတယ်ခင်ဗျား။ ဒါကကျတော့ အဲဒီလမ်းမှာလည်း ရေမြောင်းကောင်းစွာမဖောက်ခဲ့ဘူး။ အဲဒါကြောင့် ရေစီးတဲ့အချိန်မှာ လမ်းပေါ်စီးပြီးတော့ အဲဒီမှာ လမ်းပျက်သွားတဲ့အခြေအနေ လုံးဝသွားလို့မရတဲ့အခြေအနေ ဖြစ်ပါတယ်။

ဒါကတော့ တံတားတွေပြီးစလွယ်ဆောက်သွားတဲ့ ပယနဲ့ မီးတိုင်တက် ရွာချင်းဆက်လမ်းမှာ ရှိနေတဲ့အခြေအနေ ဖြစ်ပါတယ်။ ဒါကတော့ အဲဒီလမ်းမှာပဲ ဒီဘက်ခြမ်းမှာ မြေပြိုနေတော့၊ ဒါ မြေဖိသိပ်မှုမရှိတော့ မိုးရွာတဲ့အခါ ပြိုပျက်သွားတဲ့ အခြေအနေကို မြင်ရတာဖြစ်ပါတယ်။ ဒါကတော့ ဖားချောင်းကျေးရွာမှာရှိတဲ့၊ အဲဒီကျေးရွာတွေမှာရှိနေတဲ့၊ တံတားတွေရဲ့ ဆောက်လုပ်မှုအခြေအနေပါ။ ဆောက်ထားတာ တကယ့် Quality မပြည့်တဲ့ အနေအထားတွေ ရှိပါတယ်ခင်ဗျား။ ဒါကျတော့ အဲဒီလမ်းမှာ အဲဒီ ဖားချောင်း အဝင်လမ်းမှာ ဖြစ်နေတဲ့အခြေအနေပါ။

မြေသားရွေးချယ်မှုမှာ ဘယ်လိုလဲဆိုတော့ မြေဆွေး Soil တွေကိုပဲထည့်ပြီး ဖိသိပ်မှုလည်း မရှိတဲ့အခါကျတော့ မိုးရွာတဲ့အခါမှာ ဗွက်ထနေတဲ့ ရွာလမ်းတွေရဲ့ အခြေအနေတွေကိုပြခြင်း ဖြစ်ပါတယ်။ ဒါကျတော့ တံတားဆောက်တဲ့နေရာမှာ အောက်အခြေကို မတူးဘူးခင်ဗျား။ ဖောင်ဒေးရှင်းမချဘဲနဲ့ အပေါ်မှာကပ်ဆောက်ထားတယ်။ မိုးရွာတဲ့အခါကျတော့ အဲဒီအောက်မှာ ရေကလိုက်စားနိုင်တယ်။ ဒီတံတားဟာလည်း မကြာခင် ဟိုဟာဖြစ်သွားနိုင်တဲ့ အခြေအနေရှိပါတယ်။ ဒါကျတော့လည်း အဲဒီ ရွာလမ်းမှာပဲ မြေကိုကောင်းစွာဖိသိပ်ခြင်း မရှိတဲ့အတွက်ကြောင့် ပျက်နေတဲ့အခြေအနေတွေ ဖြစ်ပါတယ်။ ဒါကျတော့ ဘယ်လိုလဲဆိုတော့ အဲဒီ ဝက်တိုက်ချောင်းဟာ ကျွန်တော်တို့ တိုင်ဟာ (၂၂)ပေ ပဲရှိပါတယ်။ ဒါပေမဲ့ (၅၅)ပေ တံတားသွားဆောက်ထားပါတယ်။

အဲဒီအခါကျတော့ ဟိုဘက်ကမ်းကပ်ခုံကျတော့ အလှမ်းဝေးတဲ့ ကုန်းဝက်တစ်နေရာမှာ သွားရှိနေပါတယ်။ ပြီးတော့ ချောင်းလယ်မှာ ရေလယ်တိုင် ဆက်တာ ချောင်းကကျဉ်းကျဉ်းလေးဆိုတော့ မိုးရာသီကျရင် အဲဒီချောင်း ပြဿနာဖြစ်နိုင်ပါတယ်။ ရေလယ်တိုင်တွေ ဒီဘက်တိုင်နဲ့ ဟိုဘက်တိုင်နဲ့ အမှန်တကယ်က (၂၂)ပေဆိုရင်၊ (၂၅)ပေဆောက်တယ်ဆိုရင် ရေလယ်တိုင်မလိုဘဲ ဆောက်ရတဲ့ တံတားမျိုး ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဘတ်ဂျက်က ကျပ်သန်း(၄၀)ကျော်လောက် ဆုံးရှုံး နေတဲ့အခြေအနေ ရှိပါတယ်။ ဒါက ဒီ ပြွန်ထည့်တဲ့အချိန်မှာ ပြွန်ကယာယီလုပ်ထားတဲ့ (၁)ပေပြွန်ကို သူက (၃)ပေနဲ့ မလဲဘဲနဲ့ နောက်က နံဘေးက (၃)ပေနဲ့ ဆက်လိုက်တဲ့အခါကျတော့ မိုးကြီးတဲ့အချိန်မှာ အဲဒါအမှိုက်တွေနဲ့ ဖြစ်ပြီးတော့ ရေထဲကလျှံပြီးတော့ ခြံထဲတွေကိုဝင်တယ်။ အဲဒါတွေ ဖြစ်တာပါ။ လုပ်ဆောင်မှု မသေချာတဲ့ အခြေအနေပါ။

ဒါကျတော့ အဲဒီမြေသားလမ်း လုပ်တဲ့နေရာမှာ ကျွန်တော်တို့ဟာ မြေမရွေးဘူးခင်ဗျား။ သူတို့က မြေမရွေးဘဲနဲ့ အဲဒီရှိတဲ့ အမှိုက်တွေကော၊ ဘာတွေကော၊ ပိတဲ့အချိန်ကျရင် မိုးရွာတဲ့အချိန်ကျ မြေက မြေဆီလွှာတွေက ပွပြီးတော့ အဲဒီမှာ ရွှံ့တွေ၊ ဗွက်တွေထပြီးတော့ ဒီလမ်းဟာ အခြေအနေ ပိုဆိုးဝါးတဲ့ အခြေအနေမျိုးရှိပါတယ်။ ဒါကတော့ ကျွန်တော် အဲဒီ ထားဝယ် S.E.Z (Special Economic Zone) ထားဝယ်အထူးစီးပွားရေးဇုန်ဒေသမှာ နိုင်ငံတော် ဘတ်ဂျက်ကနေ ဇုန်နယ်မြေ ဆိုပြီးတော့ ဘတ်ဂျက် မပေးတဲ့အခါကျတော့ ရွာသားတွေနဲ့ပေါင်းပြီးတော့ လုပ်ထားတဲ့လမ်းနဲ့ ဒီခုနကလမ်းတွေနဲ့ ယှဉ်ကြည့် တာပါ။ ယှဉ်ပြတာပါ။

ရွာသားတွေကနေပြီးတော့ ဘာမှမပါဘဲနဲ့ စက်ယန္တရားတွေ အကူအညီတောင်းပြီးတော့ ရွာသားတွေ ကိုယ်ထူကိုယ်ထ လုပ်ထားတဲ့လမ်းပါ။ အဲဒီကျတော့ အဲဒီ ရပ်ကွက်၊ ကျေးရွာ၊ ကြီးကြပ်မှု ကော်မတီနဲ့ တွေ့တဲ့အခါကျမှ အဲဒီလက်တွေ့ဘဝမှာ အဲဒီလုပ်ငန်းခွင်မှာ အင်ဂျင်နီယာမရှိဘဲနဲ့ ဆောက်တဲ့ လမ်းတွေ၊ တံတားတွေ ဖြစ်နေပါတယ်။ ပြီးတော့ ကုမ္ပဏီမှာ လုပ်ငန်းဆောင်ရွက်ရန်လိုအပ်တဲ့ အဓိက စက်ယန္တရားတွေ၊ အပြည့်အစုံမရှိဘူး။ ပြီးကျတော့ လမ်းကြိတ်စက်တွေ မရှိဘူး။ ကားတွေနဲ့ ဖိသိပ် သွားတာမျိုးရှိတယ်။ အဲဒါမျိုးတွေ ဖြစ်နေပါတယ်။ နောက်ကျတော့ ပြီးတော့ B.Q တို့၊ Drawing တို့ကို အချိန်မီမရဘူး။ မြို့နယ်နဲ့ အချိတ်အဆက်မရှိဘူး။ အဲဒါ ဖြစ်ပါတယ်။ ဒါကြောင့် ဒီမေးခွန်းကို ပြန်လည် ပြုပြင်ပြီးတော့ ဆောင်ရွက်နိုင်ရန် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

မြေရွေးချယ်မှုမရှိခြင်း၊ ကောင်းစွာဖိသိပ်မှုမရှိခြင်းနှင့် ရေမြောင်းကောင်းစွာ မပြုလုပ်ထားခြင်းတို့ကြောင့် ပျက်စီးနေသော တောင်ရင်းအင်း ရွာအဝင်လမ်း မြင်ကွင်းပုံ (စစ)



မြေမတူးဘဲ ဆောက်လုပ်ထားသောကြောင့် အောက်ခြေကို ရေတိုက်စားပြီး ပျက်စီးနေသော မြန်မာရှင်တဘီ ကျေးရွာရှိ တံတား မြင်ကွင်းပုံ (စစ-၁)




ဖားချောင်းကျေးရွာအုပ်စု မြန်မာရှင်တဘီရွာ ၂၂ ပေရှိ ဝက်တိုက်ချောင်း ရေလယ်တိုင်ကြောင့် ချောင်းပိတ်ဆို့မှု ဖြစ်နိုင်သည့်မြင်ကွင်းပုံ (စစ-၂)



**ကယားပြည်နယ်၊ မယ်စဲမြို့နယ်၊ ဟိုဂျစ်ကျေးရွာအုပ်စု အတွင်းရှိ လမ်းဆုံ - လယ်တော လမ်းပိုင်း (၄) မိုင် (၄) ဖာလုံအနက် ကျောက်ခင်းပြီး ၂ မိုင်ကို ကတ္တရာခင်းခြင်း၊ မြေသား (၂) မိုင် (၄) ဖာလုံကို ကတ္တရာ လမ်းအဖြစ် တိုးမြှင့်ခင်းခြင်းနှင့် ထိုလမ်းပေါ်ရှိ (၁၅) ပေ တံတားတစ်စင်း၊ Box Culvert သုံးစင်း အပါအဝင်ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းပန်ဖ က ကယားပြည်နယ်၊ မယ်စဲမြို့နယ်၊ ဟိုဂျစ်ကျေးရွာအုပ်စု အတွင်းရှိ လမ်းဆုံ - လယ်တော လမ်းပိုင်း (၄) မိုင် (၄)ဖာလုံအနက် ကျောက်ခင်းပြီး (၂)မိုင်ကို ကတ္တရာခင်းခြင်း၊ မြေသား (၂)မိုင် (၄)ဖာလုံကို ကတ္တရာလမ်းအဖြစ် တိုးမြှင့်ခင်းခြင်းနှင့် ထိုလမ်းပေါ်ရှိ (၁၅)ပေ တံတားတစ်စင်း၊ Box Culvert သုံးစင်း အပါအဝင်ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၆။**

**ဦးစိုင်းပန်ဖ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းပန်ဖ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မယ်စဲမြို့နယ်၊ ဟိုဂျစ်ကျေးရွာအုပ်စုအတွင်းရှိ လမ်းဆုံရွာနဲ့ လယ်တောရွာနဲ့ လမ်းပိုင်းဟာ (၄) မိုင် (၄) ဖာလုံရှိပြီး ကျောက်ခင်းပြီး (၂) မိုင် မြေသားလမ်း (၂) မိုင် (၄) ဖာလုံရှိသည့်အတွက် ပွင့်လင်းရာသီမှာ သွားရေး၊ လာရေး လွယ်ကူပါတယ်။ သို့သော်လည်းပဲ မယ်စဲမြို့နယ်ရာသီဥတုဟာ နွေရာသီတွင် ခြောက်သွေ့ပြီး ရေရှားပါးသလောက် မိုးရာသီတွင် မိုးအတန်ငယ်များပြီး လမ်းပေါ်သို့ အလင်းမဖောက်သည်အထိ ရာသီဥတု ဆိုးတတ်ပါတယ်။ တောင်ကျရေများလည်း ကြီးတတ်ပြီး အထူးသဖြင့် တောတောင်ကြားထဲရှိ မြေသားလမ်းများ ပျက်စီးတတ်ပါတယ်။ မိုးရွာသီတွင် လမ်းဆိုးသောကြောင့် အသွားအလာ သိပ်မရှိသဖြင့် လယ်တောရွာနှင့် မြို့နယ်အတွင်းရှိ အခြားရွာများ အဆက်အသွယ် အနည်းငယ် ပြတ်နေတတ်ပါတယ်။ ထို့အတွက်ကြောင့် ကျန်းမာရေး၊ ပညာရေးနဲ့ အခြားအခြေခံလိုအပ်ချက် အခက်အခဲများရှိပါတယ်။

နိုင်ငံတော်၏ အခြေခံအချက်မှာလည်း ဆက်သွယ်ရေးဟာ အရေးကြီးအခန်းကဏ္ဍမှာ ပါဝင်လျက်ရှိပါတယ်။ ထို့ကြောင့် လမ်းဆုံ - လယ်တော လမ်းပိုင်း (၄)မိုင် (၄)ဖာလုံအနက် ကျောက်ခင်းပြီး (၂)မိုင်ကို ကတ္တရာအဆင့် တိုးမြှင့်ခြင်း၊ မြေသား(၂)မိုင် (၄)ဖာလုံကို ကတ္တရာလမ်း တိုးမြှင့်ခင်းခြင်းနှင့် ထိုလမ်းပေါ်ရှိ (၁၅) ပေတံတားတစ်စင်း၊ Box Culvert (၃)စင်း အပါအဝင်ကို ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၀၈။**

**ဗိုလ်ချုပ်သန်းထွဋ် (ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် မှ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရှန်အောရ် ရဲ့ ချင်းပြည်နယ်၊ ဟားခါးမြို့နယ်အတွင်းရှိ တိလပ်(Tilak)ကျေးရွာတွင် သောက်သုံးရေကန် တိုးချဲ့ပေးခြင်းနှင့် နောက်ထပ်ရေလှောင်ကန် အသစ်တစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းအပေါ် မှာ ကျွန်တော် ပြန်လည်ရှင်းလင်းသွားမှာ ဖြစ်ပါတယ်။

နယ်စပ်ရေးရာဝန်ကြီးဌာန အနေနဲ့ကတော့ ချင်းပြည်နယ်အပါအဝင် နယ်စပ်ဒေသရဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျွန်တော်တို့ နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ရေးဆွဲချမှတ်ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ ချင်းပြည်နယ်အတွင်းမှာလည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကနေ ကျွန်တော်တို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ငွေကျပ်(၆၇၅၉.၃၅၃၁)သန်းနဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမ(၆)လမှာ ငွေကျပ်(၃၁၁၆.၂၇၉) သန်းကို ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဒုတိယ(၁၂)လမှာလည်း ချင်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ငွေကျပ်(၇၅၃၇.၀၁၄)သန်းကိုလည်း ကျွန်တော်တို့ ခွင့်ပြုပြီးလုပ်ငန်းများကိုလည်း စတင်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ ဟားခါးမြို့နယ်၊ တိလပ်(Tilak)ကျေးရွာသည် အိမ်ခြေ(၉၅)အိမ်၊ လူဦးရေ(၅၁၅)ဦး နေထိုင်လျက်ရှိပါတယ်။ လက်ရှိမှာကတော့ ကျွန်တော်တို့ ၂၀၁၂ - ၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခွင့်ပြုရန်ပုံငွေကျပ်(၈)သန်းဖြင့် ဆောင်ရွက်ပေးခဲ့တဲ့ ပေ(၁၀၀)ပတ်လည်၊ (၆)ပေအမြင့်ရှိ မြေသား မိုးရေ လှောင်ကန်မှာ ရေသိုလှောင်ပြီးတော့ သောက်သုံးရေကို ကျွန်တော်တို့ ရရှိသုံးစွဲလျက်ရှိတာကို သိရပါတယ်။ ၂၀၁၈ ခုနှစ်၊ နွေရာသီမှာ တိလပ်ကျေးရွာအတွက် အလှူရှင် လှူဒါန်းငွေဖြင့် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှလည်း စက်ရေတွင်းတစ်တွင်း တူးဖော်ပေးခဲ့ကြောင်းကိုလည်း သိရှိရပါတယ်။ ချင်းပြည်နယ်အစိုးရအနေနဲ့ကတော့ ဟားခါးမြို့နယ်၊ တိလပ်ကျေးရွာတွင် သောက်သုံးရေ (၃)မိုင် သွယ်တန်းခြင်းနှင့် ဂါလန်(၅၀၀၀)ဆံ့ ရေလှောင်ကန် တည်ဆောက်ခြင်း လုပ်ငန်းအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ဒုတိယ(၁၂)လ ပြည်နယ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှာ ငွေကျပ်(၃၀)သန်းအား ခွင့်ပြုပြီး ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်း ဖြစ်ပါတယ်။ ကယားပြည်နယ် အမှတ်(၅)မဲဆန္ဒနယ်က အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရှားမူက ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ ဖရူဆိုမြို့နယ်၊ တော်ခူ ကျေးရွာအုပ်စု၊ ပလိုဒေးခိုမှ ပရက်စောခူထိ (၅) မိုင် (၄) ဖာလုံကိုလည်းကောင်း၊ ပရက်စောခူမှ သော်ခူထိ (၂) မိုင် (၅) ဖာလုံကိုလည်းကောင်း၊ သော်ခူမှ ခေါပရာထိ (၂) မိုင်၊ စုစုပေါင်း (၁၀) မိုင်၊ (၁) ဖာလုံအား မြေသားလမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကယားပြည်နယ်၊ ဖရူဆိုမြို့နယ်၊ တော်ခူကျေးရွာ၊ ပလိုဒေးခို - ပရက်စောခူ - သော်ခူ - ခေါပရာ လမ်းပိုင်းပါဝင်တဲ့ တော်ခူ ရွာသစ်မှ ခေါပရာအထိ ကျေးရွာချင်းဆက်လမ်း (၁၄/၁)မိုင် လမ်းအဆင့်မြှင့် တင်နိုင်ရေးအတွက် ကယားပြည်နယ်အစိုးရအဖွဲ့ရဲ့ နယ်စပ်ဒေသရန်ပုံငွေဖြင့် ဘဏ္ဍာနှစ်အလိုက် လျာထား ဆောင်ရွက် သွားမည် ဖြစ်ပါတယ်။ တော်ခူရွာသစ် - ပလိုဒေးခို လမ်းပိုင်း(၄/၅)မိုင် မြေလမ်း ဖောက်လုပ်ခြင်း အတွက် ငွေကျပ်(၁၁၅.၆၂၅)သန်းနှင့် (၅၀)ပေ ကွန်ကရစ်တံတား တည်ဆောက်ခြင်းအတွက် ငွေကျပ် (၁၀၂.၅၅၀)သန်း စုစုပေါင်းငွေကျပ်(၂၁၈.၁၇၅)သန်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ဒုတိယ(၁၂)လ နယ်စပ်ဒေသဖွံ့ဖြိုးရေး(ပြည်နယ်)ရန်ပုံငွေမှာ ကျွန်တော်တို့ ခွင့်ပြုထားပြီးဖြစ်တာကို သိရှိရပါတယ်။ တော်ခူရာရွာသစ်မှ ခေါပရာကျေးရွာအထိ ကျေးရွာချင်းဆက်လမ်း (၁၄/၁)မိုင်ကို လမ်းအဆင့် မြှင့်တင်ပေးမည်ဆိုပါက လမ်းဦးစီးဌာနပိုင် လွိုင်ကော် - ဘော်လခဲ ကတ္တရာလမ်းမကြီးကို ဆက်သွယ် သွားလာနိုင်မှာ ဖြစ်ပါတယ်။

ကယားပြည်နယ်အစိုးရအဖွဲ့ရဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ပထမ(၆)လ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဖောက်လုပ်ထားတဲ့ ခေါပရာ - ဖူးခရားခူ ကျေးရွာချင်းဆက် မြေလမ်း(၃)မိုင်နဲ့ ဖူးခရားခူ - လားဟူ - ဘီဆို - ဝှယ်သူတော် - ဒိုးပရယ် ကျေးရွာချင်းဆက် မြေလမ်း(၇)မိုင်ကို ဖြတ်၍ ကျောက်လမ်း ဖောက်လုပ်ပြီးဖြစ်တဲ့ ဒိုးပရယ် - လောထောတနော ကျေးရွာများမှတစ်ဆင့် ဖရူဆိုမြို့သို့ သွားလာနိုင်မှာဖြစ်ခြင်း၊ ဝှယ်သူတော်လမ်းခွဲမှ ဝှယ်သူတော် - လျားဒူ - ထီးလျားဆို - ခိုးရားခူ - ဒေါတထော - မော်ခရော်ရှေ့ ကျေးရွာများမှတစ်ဆင့် လမ်းဦးစီးဌာနပိုင် လွိုင်ကော် - ဘော်လခဲ ကတ္တရာလမ်းမကြီးသို့ သွားလာနိုင်မည်ဖြစ်ပြီးတော့ ကျေးရွာ(၁၇)ရွာ၊ အိမ်ခြေ(၆၈၇)အိမ်၊ လူဦးရေ (၃၄၄၅)ဦးတို့ကို အကျိုးပြုနိုင်မှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ တော်ခူရွာသစ်မှ ခေါပရာကျေးရွာ (၁၄/၁)မိုင် လမ်းအဆင့် မြှင့်တင်ခြင်းတွင် ဆောင်ရွက်ရန် ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ကျွန်တော်တို့ မေးမြန်းချက်မှာပါတဲ့ ပလိုဒေးခိုမှ ခေါပရာအထိ စုစုပေါင်း(၉/၄)မိုင် မြေလမ်းဖောက်လုပ်ခြင်းအတွက် ကယားပြည်နယ်အစိုးရအဖွဲ့ရဲ့ နယ်စပ်ဒေသဖွံ့ဖြိုးရေး (၅)နှစ်စီမံကိန်း လျာထားချက်တွင် ဘဏ္ဍာရေးနှစ်အလိုက် ထည့်သွင်းလျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ကျွန်တော်တို့ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလားလ်မင်းထန် ရဲ့ မေးခွန်းဖြစ်ပါတယ်။ ချင်းပြည်နယ်၊ မတူပီခရိုင်နှင့် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်တို့ကို ဆက်သွယ်ထားတဲ့ တိန်ဆီး - ရေဆော - ထယ်ဆီး - စန်းစက် - ခွါဘွေ - ဒါရ်ကြုံး - ရမ်စီး (၆၀)မိုင်မြေလမ်းဟာ ပျမ်းမျှ(၁၅)ပေရှိပြီး ကျေးရွာ(၇)ရွာကို ဖြတ်သန်းသွားတဲ့လမ်း ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် မေးထားတဲ့ တိန်ဆီး - ရမ်စီး လမ်းပေါ်မှာရှိတဲ့ အဓိကလိုအပ်တဲ့ တံတား (၆)စင်း တည်ဆောက်ပေးနိုင်ရေးနဲ့ စပ်လျဉ်းပြီးတော့ ချင်းပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီး

ဌာနရဲ့ (၁၃)နှစ်စီမံကိန်းအရ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ပေ(၄၀) တံတား(၃)စင်း၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ ပေ(၅၀)တံတား (၂)စင်းနဲ့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှာ ပေ(၁၀၀) တံတား(၁)စင်းတို့ကို ဆောင်ရွက်နိုင်ရေးအတွက် လျာထားပြီးဖြစ်ပါကြောင်းနှင့် ကျွန်တော်တို့ ခွင့်ပြုငွေ ရရှိမယ်ဆိုရင် ဆောင်ရွက်ပေးမယ်ဆိုတဲ့ ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်အရ ရှင်းလင်း ဖြေကြားအပ်ပါတယ်။

နောက် ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီး အမှတ်(၄)မဲဆန္ဒနယ်မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဟန်ဝင်းသိန်း ရဲ့ မေးခွန်းအပေါ်မှာ ပြန်လည်ရှင်းလင်း ဖြေကြားသွား ပါမယ်။ ကျွန်တော်တို့ လုပ်ငန်းတွေရဲ့ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုတော့ ကျွန်တော်တို့ Power Point ဖြင့် ရှင်းလင်းတင်ပြသွားပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ရဲ့ ထောက်ပြဆွေးနွေးမှုကိုလည်း ကျွန်တော်တို့ ဝန်ကြီးဌာနကနေ ကျေးဇူးတင်ပါကြောင်း ပြောကြားလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းချက်မှာတော့ ကျွန်တော်တို့ အပိုင်း(၂)ပိုင်းရှိပါတယ်။ ပထမပိုင်းအနေနဲ့ကတော့ လွှတ်တော် ကိုယ်စားလှယ် မေးမြန်းသွားတာကတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ပြုလုပ်ထားတဲ့ တနင်္သာရီတိုင်း ဒေသကြီး၊ ရေဖြူမြို့နယ်အတွင်းမှာရှိတဲ့ လမ်းတံတားများဟာ စံချိန်စံညွှန်း၊ အရည်အသွေးပြည့်မီမှုမရှိ ခြင်းကြောင့် ပျက်စီးယိုယွင်းနေမှုများကို လုပ်ဆောင်သော ကုမ္ပဏီများအား စာချုပ်ပါ အချက်အလက် အရည်အသွေးအတိုင်း ပြန်လည်ပြုပြင်စေခြင်း ရှိ/မရှိ၊ ဒုတိယပိုင်းအနေနဲ့ နောင်ဘဏ္ဍာရေးနှစ်တွင်လည်း တာဝန်ယူဆောင်ရွက်မည့် ကုမ္ပဏီများအား တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန်နှင့် ပျက်ကွက်ပါက အရေးယူခြင်း၊ အရည်အသွေးစစ်ဆေးခြင်းနှင့် စိစစ်လက်ခံခြင်းတို့အား တိကျခိုင်မာတဲ့ စီမံမှုစနစ်များ ဆောင်ရွက်ထားမှု ရှိ/မရှိ ဆိုပြီး အပိုင်း(၂)ပိုင်းခွဲပြီးတော့ ကျွန်တော်တို့ မေးမြန်းထားပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးမြန်းချက် မေးခွန်းအကြောင်းရင်းဖော်ပြချက်မှာ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ထားတဲ့ သဲချောင်းကျေးရွာအုပ်စု၊ သဘွတ်ချောင်း-မော်ငန်း ကျေးရွာချင်းဆက် မြေလမ်း(၄/၆)မိုင်၊ ပယ - မီးတိုင်တက် ကျေးရွာချင်းဆက် မြေလမ်း(၃/၇)မိုင်၊ ရာဖူး - စိန်ဘုံ ကျေးရွာချင်းဆက် မြေလမ်း(၅/၁)မိုင်နှင့် ဖားချောင်း ကျေးရွာအုပ်စုမှာရှိတဲ့ ကွန်ကရစ် တံတားနဲ့ Box Culvert များ ပျက်စီးလျက်ရှိကြောင်း ဖော်ပြထားပါတယ်။ ပထမ မေးမြန်းချက်ဖြစ်တဲ့ မေးခွန်းအကြောင်းအရင်း ဖော်ပြချက်ပါ လမ်း၊ တံတား ပျက်စီးမှုများနဲ့ ပတ်သက် ပြီးတော့ ဆောင်ရွက် ထားမှုအခြေအနေနဲ့ကတော့ ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ ၂၀၁၈ ခုနှစ်မှာ ဇူလိုင်လနဲ့ ဩဂုတ်လမှာ ထူးကဲရွာသွန်းတဲ့ မိုးရေကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့တယ်။ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲလုပ်ငန်းများကို ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေး ရုံးများကို ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။

မေးမြန်းချက်မှာ ပါရှိတဲ့ ရေဖြူမြို့နယ်၊ သဲချောင်းကျေးရွာအုပ်စု၊ သဘွတ်ချောင်း - မော်ငန်း ကျေးရွာချင်းဆက်လမ်းဟာ တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေနဲ့ ဆောင်ရွက်တဲ့လုပ်ငန်းဖြစ်တဲ့အတွက် ၎င်းလမ်းပျက်စီးမှုနဲ့ ပတ်သက်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အစီအစဉ်ဖြင့် ကြီးကြပ် ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ တင်ပြအပ်ပါတယ်။

နောက်တစ်ခါ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေနဲ့ ဆောင်ရွက်ခဲ့တဲ့ ရေဖြူမြို့နယ်အတွင်း ပယ - မီးတိုင်တက် ကျေးရွာချင်းဆက် မြေလမ်း(၃/၇)မိုင်၊ ရာဖူး - စိန်ဘုံ ကျေးရွာချင်းဆက်လမ်း(၅/၁)မိုင်၊ ဖားချောင်း - မင်းလက်ကျ - တောင်ရင်းအင်း - ဆယ်အိမ်စု (ကလိန်အောင် - ကံပေါက်) မြေလမ်း(၉)မိုင် လမ်းပိုင်းများအပေါ်မှာ ပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း ကျွန်တော်တို့ စစ်ဆေးတွေ့ရှိရပါတယ်။ ပျက်စီးမှုအခြေအနေနဲ့ ပြုပြင်ဆောင်ရွက်မှုအခြေအနေများကို လမ်းပိုင်းအလိုက် ကျွန်တော်တို့ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ပယ - မီးတိုင်တက် ကျေးရွာချင်းဆက် မြေလမ်း(၃/၇)မိုင်ပေါ်ရှိ မိုင်တိုင်(၂)မိုင်နဲ့ (၂/၇)မိုင် အကြား အတက်လမ်း(၀/၇)မိုင်မှာ တောင်ကမ်းပါးယံများ ပြိုကျမှုကြောင့် ရေမြောင်းများ ပိတ်ဆို့၍ လမ်းပိုင်းရေကျော်ပြီး ပျက်စီးမှုဖြစ်ပေါ်ခဲ့တာ တွေ့ရှိရတဲ့အတွက် ကုမ္ပဏီက ၁၁-၁၀-၂၀၁၈ ရက်နေ့မှာ ပြုပြင်ဆောင်ရွက်ပြီးတော့ ၁၃-၁၀-၂၀၁၈ ရက်နေ့မှာ ဆောင်ရွက်ပြီးစီးပြီ ဖြစ်ပါတယ်။ ပယ - မီးတိုင်တက် ကျေးရွာချင်းဆက် မြေလမ်း(၃/၇)မိုင် လမ်းပိုင်းမှာ ပျက်စီးမှုအခြေအနေနဲ့ ပြုပြင်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံများ ဖြစ်ပါတယ်။ နောက်တစ်ခုအနေနဲ့ ပယ - မီးတိုင်တက် ကျေးရွာချင်းဆက်လမ်းပိုင်းမှာ မိုးကာလ ပျက်စီးမှုများကို ပြန်လည်ဆောင်ရွက်ပြီးစီးပြီးဖြစ်ကြောင်း ဖောင်းတောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရဲ့ ထောက်ခံချက်ကို ကျွန်တော်တို့ ရယူထားပါတယ်။

ဆက်လက်ပြီး ရာဖူး - စိန်ဘုံ ကျေးရွာချင်းဆက် ကျောက်လမ်း(၅/၁)မိုင် လမ်းပိုင်းပျက်စီးမှု အခြေအနေနဲ့ ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေကို ရှင်းလင်းသွားမှာဖြစ်ပါတယ်။ လမ်းပိုင်း မိုင်တိုင် (၁/၅)မိုင်နဲ့ (၁/၆)မိုင်အကြား အရှည်(၁၅)ပေ တောင်ကမ်းပါးယံ ပြိုကျခြင်း၊ မိုင်တိုင်(၂/၂)မိုင်နှင့် (၂/၅)မိုင်ကြား မိုင်တိုင်(၃)မိုင်နဲ့ (၃/၂)မိုင်ကြား ရေကျော်ခြင်း၊ ကုန်းအတက်ပိုင်း အနည်းငယ် ရေတိုက်စား ပျက်စီးခြင်း၊ ရေပွက်ချဉ်းကပ်လမ်း မြေပြိုကျခြင်းတို့ ဖြစ်ပေါ်ခဲ့ပြီး ပျက်စီးမှုကို ၁၁-၁၀-၂၀၁၈ ရက်နေ့မှ စတင်ပြုပြင်ဆောင်ရွက်ခဲ့ရာမှာ ၁၄-၁၀-၂၀၁၈ ရက်နေ့မှာ ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ရာဖူး - စိန်ဘုံ ကျေးရွာချင်းဆက် ကျောက်လမ်း(၅/၁)မိုင် လမ်းပိုင်းပျက်စီးမှု အခြေအနေနဲ့ ပြန်လည်ပြုပြင်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံများဖြစ်ပါတယ်။ ရာဖူး - စိန်ဘုံကျေးရွာချင်းဆက် (၅/၁)မိုင် ကျောက်လမ်းဟာ သဘာဝ ဘေးအန္တရာယ်မှာ ပျက်စီးမှုကြီးမားစွာ ဖြစ်ပေါ်ခဲ့ခြင်းမရှိဘဲ လမ်း၏ကြံ့ခိုင်ရေးမှာ ကောင်းမွန်လျက်ရှိပြီး ဒေသခံကျေးရွာပြည်သူများ အဆင်ပြေစွာ အသုံးပြုသွားလာလျက်ရှိကြောင်း ရာဖူး - စိန်ဘုံ အုပ်ချုပ်ရေးမှူးရဲ့ ထောက်ခံချက်ဖြစ်ပါတယ်။

နောက်တစ်ခါ ဆက်လက်ပြီးတော့ ဖားချောင်း - မင်းလက်ကျ - တောင်ရင်းအင်း - ဆယ်အိမ်စု (ကလိန်အောင် - ကံပေါက်) မြေသားလမ်းပျက်စီးမှုနဲ့ ပတ်သက်ပြီးတော့ အဆိုပါလမ်းပိုင်းဟာ မိုး သည်းထန်စွာ ရွာသွန်းမှုကြောင့် အပေါ်ယံ ကျောက်ရောမြေလွှာ ရေတိုက်စားခံရခြင်း၊ အနီးရှိ ချောင်းများမှရေများ လမ်းပေါ်သို့ ပြည့်လျှံခဲ့ခြင်း၊ သတ်မှတ်တန်ချိန်အပိုများ အသုံးပြုသွားလာခြင်း တို့ကြောင့် ပျက်စီးမှုဖြစ်ပေါ်ခဲ့ကြောင်းကိုလည်း ကျွန်တော်တို့ သိရှိရပါတယ်။ အဆိုပါ လမ်းပိုင်းပျက်စီးမှု ကိုတော့ ၁-၁၁-၂၀၁၈ ရက်နေ့မှစပြီးတော့ ပြုပြင်ခဲ့ရာမှာ ၁၁-၁၁-၂၀၁၈ ရက်နေ့မှာ ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ဒါကတော့ ပျက်စီးမှုမှတ်တမ်းဓာတ်ပုံများ ဖြစ်ပါတယ်။ ဒါက ပြန်လည်ပြုပြင်ဆောင်ရွက် ပြီးစီးမှု မှတ်တမ်းဓာတ်ပုံများ ဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ ဖားချောင်းကျေးရွာအုပ်စုရှိ ကွန်ကရစ်တံတား ပျက်စီးနေခြင်း မေးမြန်းချက်နှင့် ပတ်သက်ပြီးတော့ အဆိုပါတံတားဟာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းမဟုတ်ဘဲ ၂၀၁၈ ခုနှစ်၊ ဧပြီ - စက်တင်ဘာလ ရန်ပုံငွေဖြင့် ကုမ္ပဏီမှ ဆောင်ရွက်ခဲ့တဲ့ ရေဖြူမြို့နယ်၊ ဖားချောင်းကျေးရွာအုပ်စု၊ ဒူးတောင် - မြန်မာရှင်ထဘီ ကျေးရွာချင်းဆက်လမ်းပေါ်ရှိ (၁၀ x ၁၄) ပေ သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ အဆိုပါ လုပ်ငန်းကတော့ ကျွန်တော်တို့ (၁၀၀)ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရပါတယ်။ ရေတိုက်စား မှုကြောင့် ပျက်စီးသွားတဲ့ ချဉ်းကပ်လမ်းကိုလည်း ပြန်လည်ပြုပြင်ပြီးဖြစ်ပါတယ်။ ဒူးတောင် - မြန်မာရှင်ထဘီ လမ်းပေါ်မှာရှိတဲ့ ပျက်စီးမှုအခြေအနေနဲ့ ကျွန်တော်တို့ ပြန်လည်ပြုပြင် ဆောင်ရွက်မှုအနေအထား တို့ကို တင်ပြရခြင်းဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ လွှတ်တော်ကိုယ်စားလှယ်ရဲ့ ဒုတိယမေးမြန်းချက်ဖြစ်တဲ့ နောင် ဘဏ္ဍာနှစ်မှာ ကုမ္ပဏီများအနေနဲ့ တာဝန်ယူမှု၊ တာဝန်ခံမှု ပျက်ကွက်ပါက အရေးယူခြင်း၊ အရည်အသွေး စစ်ဆေးခြင်း၊ စိစစ်လက်ခံခြင်းတို့ကို တိကျခိုင်မာတဲ့ စီမံမှုစနစ်များ ဆောင်ရွက်ထားရှိမှု ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်းပြီးတော့ ကျွန်တော့်အနေနဲ့ ပြန်လည်ရှင်းလင်းသွားမှာ ဖြစ်ပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာနက ကျွန်တော်တို့ လွှတ်တော်က အတည်ပြုပြီးခဲ့တဲ့ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ ကျွန်တော်တို့ နိုင်ငံတော်သမ္မတရုံးရဲ့ တင်ဒါလုပ်ထုံးလုပ်နည်း ညွှန်ကြားချက်(၁/၂၀၁၇) လမ်းညွှန်ချက်ပါ အတိုင်း ကျွန်တော်တို့က လိုက်နာဆောင်ရွက်ရပါတယ်။ ဝန်ကြီးဌာနအနေနဲ့ကတော့ လုပ်ငန်းတာဝန် ဆောင်ရွက်တဲ့ ကုမ္ပဏီကို၊ တင်ဒါဘုတ်ဖြင့် စိစစ်ရွေးချယ်ပြီး ဆောင်ရွက်ရမယ့် လုပ်ငန်းတာဝန်များကို အသေးစိတ်ဖော်ပြ၍ စာချုပ် ချုပ်ဆိုကာ လုပ်ငန်းများကို ကျွန်တော်တို့ အပ်နှံဆောင်ရွက်ခဲ့ရပါတယ်။

နိုင်ငံတော်ဘတ်ဂျက်နဲ့ တင်ဒါအောင်မြင်ပြီးတဲ့ တည်ဆောက်ရေးလုပ်ငန်းများရဲ့ အသေးစိတ် တွက်ချက်မှုစာရင်း (BP/BQ)တွေကိုလည်း လုပ်ငန်းအရည်အသွေး ပြည့်မီစေရန် ကျွန်တော်တို့ ဝန်ကြီး ဌာနမှာ အင်ဂျင်နီယာဌာန ရှိပြီးတော့ ၎င်းအင်ဂျင်နီယာဌာနက စစ်ဆေးပါတယ်။ စစ်ဆေးပြီးတော့မှ တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီကို တင်ပြပြီးတော့ ကျွန်တော်တို့ အတည်ပြုချက် ရယူ ရပါတယ်။ အတည်ပြုချက် ရယူပြီးတဲ့ အသေးစိတ်စာရင်းတွေကိုတော့ (BP/BQ) သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး ရုံးများနဲ့ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များသို့ ဖြန့်ဝေပေးပို့ခြင်း၊ ပြည်နယ်/တိုင်းဒေသကြီးရုံးများမှ မြို့နယ်လုပ်ငန်းပြီးစီးမှု လုပ်ငန်းအရည်အသွေး စစ်ဆေးရေး ကော်မတီကို ကျွန်တော်တို့ ဆက်လက် ဖြန့်ဝေပေးခဲ့ရပါတယ်။

ဆောင်ရွက်ဆဲ လမ်းလုပ်ငန်းများကို မြို့နယ်အရည်အသွေးစစ်ဆေးမှုအဖွဲ့ဖြင့် အနီးကပ် စစ်ဆေးကြပ်မတ်ခြင်း၊ အထူးစစ်ဆေးရန် လိုအပ်သော လုပ်ငန်းများကို ကျွန်တော်တို့ ဝန်ကြီးဌာနမှာရှိတဲ့ အင်ဂျင်နီယာဦးစီးအဖွဲ့ ဖွဲ့စည်းပြီးတော့ အရည်အသွေး စစ်ဆေးစေခဲ့ပါတယ်။ လုပ်ငန်းစစ်ဆေး ကြပ်မတ်မှု ပင်မအနီးကပ်အဖြစ် တိုင်းဒေသကြီး/ပြည်နယ်ဖွံ့ဖြိုးရေး ကြီးကြပ်ရေးမှူးနှင့်အတူ တိုင်းဒေသကြီး/ပြည်နယ် အင်ဂျင်နီယာနှင့်အတူ စစ်ဆေးပြီး စာချုပ်ပါ အရည်အသွေးအတိုင်း ပြည့်မီ စေရန် ကျွန်တော်တို့ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းများ ပြီးစီးသွားပြီဆိုလို့ရှိရင်လည်း ပြီးစီးမှုရာခိုင်နှုန်းအလိုက် သက်ဆိုင်ရာ မြို့နယ်လုပ်ငန်းပြီးစီးမှု အရည်အသွေးကော်မတီမှ ကျွန်တော်တို့ စစ်ဆေးပြီးမှသာ ပြည်နယ်/တိုင်းဒေသကြီးများမှတစ်ဆင့် ဝန်ကြီးဌာနကို ခွင့်ပြုချက်ရယူပြီး ရန်ပုံငွေ

များကို အရစ်ကျ ကျွန်တော်တို့ ခွင့်ပြုထုတ်ပေးလျက်ရှိပါတယ်။ လုပ်ငန်း(၁၀၀)ရာခိုင်နှုန်း ပြီးစီးပါက လုပ်ငန်းဆောင်ရွက်တဲ့ကုမ္ပဏီမှ သက်ဆိုင်ရာ မြို့နယ်တာဝန်ခံများသို့ စနစ်တကျ လွှဲပြောင်းလက်ခံဆောင်ရွက်လျက်ရှိပါတယ်။ ဆောင်ရွက်တဲ့ကုမ္ပဏီရဲ့ တာဝန်ရှိမှုအနေဖြင့် စတင် ဆောင်ရွက်တဲ့နှစ်က နေပြီးတော့ (၂)နှစ်အတွင်းမှာ ပျက်စီးဆုံးရှုံးမှုဖြစ်လာတယ်ဆိုလို့ရှိရင်တော့ ကုမ္ပဏီက တာဝန်ယူပြီး ပြန်လည်ပြုပြင်ပေးရန် အာမခံကြောင်း ကျွန်တော်တို့ စည်းကမ်းချက်မှာ ထည့်သွင်းထားပြီး ဖြစ်ပါတယ်။

လုပ်ငန်းပျက်စီးမှု၊ ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်လာပါက ကုမ္ပဏီတွေကို သတ်မှတ်စံချိန်စံညွှန်း အတိုင်း ဆောင်ရွက်ခြင်းမရှိဘူးဆိုရင် ကျွန်တော်တို့က ကုမ္ပဏီကို Black List သွင်းပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါတွေကတော့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ မေးမြန်းချက်ကို ပြန်လည်ရှင်းလင်းခြင်းဖြစ်ပါတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာတော့ ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ မြေလမ်းတွေကို စတင်ဖောက်လုပ်ပါတယ်။ စတင်ဖောက်လုပ်ပြီးတော့မှ နှစ်စဥ်စီမံချက် ရေးဆွဲပြီးတော့ ကျောက်ချောလမ်း၊ ကတ္တရာလမ်းအဆင့်ကို မြှင့်တင်ပါတယ်။ အခုနောက်ပိုင်းမှာတော့ ကျွန်တော်တို့ လုပ်ဆောင်မှုများအနေနဲ့ လမ်းပျက်စီးမှုတွေကို လျော့နည်းစေရန်အတွက် မိုးရေခံလွှာအဖြစ် မြေသားပေါ်မှာ ကျောက်ရောမြေ၊ ဂျင်းမြေ၊ မြေနီ သို့မဟုတ် ဂဝံ သို့မဟုတ် ပြုန်းမြေ သို့မဟုတ် ကျောက်စရစ်များ စသည်ဖြင့် ဒေသအတွင်း ရရှိနိုင်မှု အပေါ်မူတည်၍ မိုးရေခံလွှာ ထပ်ပိုးခင်းပေးနိုင်ရန် စီစဥ်ထားရှိပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ မိုးတွင်းမှာလည်း အခုလက်ရှိ ကြုံတွေ့နေရတဲ့ အခက်အခဲက မြေလမ်းတွေပြီးတဲ့အချိန်မှာ ကျွန်တော်တို့ လမ်းတွေပြန်ပျက်စီးမှုကိုလည်း နောက်နှစ်တွေမှာ မဖြစ်စေရေးအတွက် ကျွန်တော်တို့ ဝန်ကြီးဌာန အနေနဲ့ စီစဥ်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

မေးခွန်း(၅)ဖြစ်ပါတယ်။ ကယားပြည်နယ် အမှတ်(၁၂)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းပန်ဖ ရဲ့ ကယားပြည်နယ် မယ်စဲမြို့နယ်၊ ဟိုဂျစ်ကျေးရွာအုပ်စုအတွင်းရှိ လမ်းဆို - လယ်တော လမ်းပိုင်း (၄) မိုင် (၄) ဖာလုံအနေနဲ့ ကျောက်ခင်းပြီး ၂ မိုင်ကို ကတ္တရာခင်းခြင်း၊ မြေသား (၂) မိုင် (၄) ဖာလုံကို ကတ္တရာလမ်းအဖြစ် တိုးမြှင့်ခြင်းနှင့် ထိုလမ်းပေါ်ရှိ (၁၅) ပေ တံတား(၁)စင်း၊ Box Culvert (၃)စင်း အပါအဝင်ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးရန် အစီအစဥ် ရှိ/ မရှိနဲ့ပတ်သက်ပြီး အဆိုပါ လမ်းဆို - လယ်တောလမ်း (၄/၄)မိုင်နှင့် စပ်လျဥ်း၍ ကျောက်လမ်းခင်းပြီး (၂/၀)မိုင်အား ကတ္တရာလမ်းအဆင့် မြှင့်တင်ခြင်း၊ မြေလမ်း(၂/၄)မိုင်အား ကျောက်လမ်းအဆင့် မြှင့်တင်ခြင်းနှင့် လိုအပ်တဲ့ (၁၅) ပေကွန်ကရစ်တံတား(၁)စင်း၊ Box Culvert (၃)စင်းတို့ကို ဆောင်ရွက် ရမည်ဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အရ ကတ္တရာလမ်း (၂/၀)မိုင်အတွက် ငွေကျပ် (၃၇၄.၈၆၆)သန်း၊ ကျောက်လမ်း (၂/၄)မိုင်အတွက် ငွေကျပ်(၂၇၄.၃၄၂၅)သန်း၊ (၁၅) ပေ ကွန်ကရစ် တံတား(၁)စင်းအတွက် ငွေကျပ်(၃၀.၅၇၀)သန်းနှင့် Box Culvert (၃)စင်းအတွက် ငွေကျပ်(၉.၃၇၂) သန်း၊ စုစုပေါင်း (၆၈၉.၁၅၀၅)သန်း ခန့်မှန်းကုန်ကျမည်လို့ ကျွန်တော်တို့ တွက်ချက်ရရှိပါတယ်။

အဆိုပါ လမ်းလုပ်ငန်း ဆောင်ရွက်ခြင်းဖြင့် ကျေးရွာ(၅)ရွာ၊ အိမ်ခြေ(၅၈၁)အိမ်၊ လူဦးရေ (၃၃၄၇)ဦးအား အကျိုးပြုမည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ လမ်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ကနေစပြီးတော့ ကျွန်တော်တို့ ဦးစားပေးအလိုက်၊ အပိုင်းအလိုက် ကယားပြည်နယ်အစိုးရအဖွဲ့၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့်

လျှာထားပေးသွားမည်ဖြစ်ကြောင်း ကယားပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေရှင်းချက်အရ ပြန်လည် ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးစိုင်းပန်ဖ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ မေးခွန်းလာရောက်ဖြေကြားပေးတဲ့ ဒုတိယဝန်ကြီးကို အထူးကျေးဇူးတင်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြောကြားလိုပါတယ်။ အခုန ဒုတိယဝန်ကြီး ပြောကြားသွားတဲ့ဟာက ကျေးလက်လမ်းဦးစီးက လာလုပ်ပေးမယ်ဆိုတာ ဖြေကြားထားတာရှိပါတယ်။ ဒီလမ်းက နယ်စပ်ရေးရာဝန်ကြီးဌာန လက်အောက်ရှိ ခြေလျင်နဲ့သွားတဲ့လမ်းဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန လက်အောက်ရှိ ကျေးလက်လမ်း မဟုတ်တဲ့အတွက်ကြောင့် မို့လို့ ဒီလမ်းနဲ့ ပတ်သက်ပြီးတော့မှ ဒီလမ်းပိုင်းအပေါ်မှာပဲ ဆဋ္ဌမအကြိမ်၊ ဆဋ္ဌမပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ ၂၇-၁၀-၂၀၁၇ ရက်နေ့မှာလည်း ဒီလမ်းပေါ်မှာရှိတဲ့ မြစ်သာမြစ်ကူးတံတား ပေ(၂၇၀)ကို ဘေလီတံတားကြီး သို့မဟုတ် သံကူကွန်ကရစ်တံတား တည်ဆောက်ပေးရန် မေးမြန်းခဲ့ဖူးပါတယ်။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လိုတာမေး။ ခင်ဗျား အခု မေးခွန်းနဲ့ ဆက်စပ်တာပဲ မေး။

**ဦးစိုင်းပန်ဖ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ ဟုတ်ကဲ့ခင်ဗျား။ အဲဒီတုန်းက လာဖြေထားတဲ့ နယ်စပ်ရေးရာဝန်ကြီးဌာနမှာ အင်ဂျင်နီယာ အလုံအလောက် မရှိပါသဖြင့် တံတားကို တည်ဆောက်ပေးရန် အစီအစဉ် မရှိပါဘူး ဆိုပြီး ဖြေသွားတယ်။ အခုလည်း ကျေးလက်လမ်း၊ ကျေးလက်ဦးစီးဌာနကပဲ လုပ်ပေးမယ်ဆိုပြီးတော့ ဖြေကြားတဲ့အတွက်ကြောင့်မို့လို့ ဒီဟာကို ကျွန်တော်တို့ စာနဲ့ တရားဝင် နတလလမ်းမှ ကျေးလက်လမ်းအဖြစ်သို့ တင်ပြလာမယ်ဆိုပါက ဌာနနဲ့ ကျေးလက်လမ်း ဦးစီးသို့ လွှဲပြောင်းပေးနိုင်ဖို့ အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဗိုလ်ချုပ်သန်းထွဋ် (ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပေးပါ။ တင်ပေးပြီးလို့ရှိရင် ကျွန်တော်တို့က ဒီ ကျေးလက်ဦးစီးဌာနနဲ့ ညှိနှိုင်းပြီးတော့ ကျွန်တော်တို့ ပြန်လည်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ ဖြေကြားအပ်ပါတယ်။

**အချိန်၊ ၁၁း၂၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ်(၃၀)ခန့် ခေတ္တ ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် **ဥက္ကဋ္ဌ** ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၂၈ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၅၈ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၅၈။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်း မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်မှာ ကျွန်တော်တို့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေတင် က မြန်မာ့ မီးရထားကဏ္ဍ အောင်မြင်ဦးမော့လာနိုင်စေရေးအတွက် ကျွန်တော်တို့ မေးခွန်းကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက အပြည့်အစုံ ဖြေကြားသွားပါတယ်။ သူ့ရဲ့ ဖြေကြားချက်တွေက ဒါ ကျွန်တော်တို့ ပြည်သူတစ်ရပ်လုံး သိရှိဖို့၊ သိရှိနိုင်ရင် ပိုအကျိုးရှိမယ်။ ဒါမှလည်း ကျွန်တော်တို့ အစိုးရ ဌာနရဲ့ လုပ်ဆောင်ချက်တွေ ပြည်သူတွေ ပွင့်ပွင့်လင်းလင်း သိရှိမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ အများပြည်သူ သိရှိနိုင်ဖို့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၀ အရ မြန်မာနိုင်ငံ ပြန်တမ်းနှင့် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းဖော်ပြဖို့ ဆုံးဖြတ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း

**အချိန်၊ ၁၂း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စက်မှုဒီဇိုင်း မူပိုင်ခွင့် ဥပဒေကြမ်းကို ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ ၁၈-၁-၂၀၁၈ ရက်နေ့တွင် ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အဆိုတင်သွင်း ပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ ၁၅-၂-၂၀၁၈ ရက်နေ့မှာ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော စက်မှုဒီဇိုင်း မူပိုင်ခွင့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာပါတယ်။ ပြည်သူ့ လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော စက်မှုဒီဇိုင်း မူပိုင်ခွင့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၂း၀၄။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ် များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ် ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၆ - ၁၂ -၂၀၁၈ ရက်နေ့ (ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည် စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန် ပေးအပ်သော ကော်မတီဝင်က ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၂း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၀၅။**

**ဦးအောင်ကြည်ညွန့် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံးကို မင်္ဂလာပါလို့ ဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) တောင်တွင်းကြီး မြို့နယ်က အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဖြစ်ပြီးတော့ ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင်လည်း ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းအပေါ်မှာ ကျွန်တော် အမျိုးသားလွှတ်တော်ရဲ့ ပြန်လည်တင်ပြတဲ့ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း**
**အစီရင်ခံစာ**

စာအမှတ်၊ ၁/ အမ (ကော်မတီ - ၁)၁/၂၀၁၈ - ၇၀၇
ရက်စွဲ ၊ ၂၀၁၈ ခုနှစ် ၊ ဒီဇင်ဘာလ ၁၈ ရက်

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ အစီရင်ခံစာကို ၁၁-၁၂-၂၀၁၈ ရက်နေ့မှာ အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့ ဦးမြင့်နိုင်၊ ရခိုင်

ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဦးဝင်းကြိုင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)၊ ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များဖြစ်ကြတဲ့ ဒုတိယဗိုလ်မှူးကြီးဉာဏ်ရွှေ၊ ဗိုလ်မှူးကျော်မင်းထွန်း၊ ဗိုလ်မှူးမင်းရဲထွန်း၊ ဗိုလ်မှူး ဇော်ဝင်းဦးတို့ကနေပြီးတော့ ၁၇-၁၂-၂၀၁၈ ရက်နေ့မှာ အကြံပြုဆွေးနွေးခဲ့ကြပါတယ်။ အမျိုးသား လွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ အကြံပြုဆွေးနွေးခဲ့တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် ၁၇-၁၂-၂၀၁၈ ရက်နေ့ အဲဒီနေ့မှာပဲ ပြန်လည် ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။

## လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းကို အကြံပြုဆွေးနွေးခဲ့ကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ဆွေးနွေးညှိနှိုင်းတဲ့နေရာမှာ -

(က) လက်တွေ့လုပ်ငန်းဆောင်ရွက်မှုနှင့် ကိုက်ညီမှုရှိစေဖို့ရာအတွက် ဥပဒေကြမ်းတစ်ရပ်လုံး မှာပါရှိတဲ့ အမျိုးသားအဆင့် စီမံခန့်ခွဲမှုကော်မတီ ဆိုတဲ့ စကားရပ်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံခန့်ခွဲမှုကော်မတီ ဆိုတဲ့ စကားရပ်နဲ့ ပြင်ဆင်သင့်ကြောင်း ညှိနှိုင်းသဘောတူညီခဲ့ကြပါတယ်။

( ခ ) ဥပဒေကြမ်း၏ ရည်ရွယ်ချက်များမှာ ယဉ်ကျေးမှုအမွေအနှစ်ဒေသများမှာရှိတဲ့ ဒေသခံ များရဲ့ လူမှုရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဟန်ချက်ညီစွာ ဆောင်ရွက် နိုင်ရန်အတွက် အဆိုပြု ဥပဒေကြမ်းရဲ့ အပိုဒ် ၃၊ အပိုဒ်ခွဲ(ဇ)ကို ယဉ်ကျေးမှု အမွေ အနှစ်ဒေသအတွင်း ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးလုပ်ငန်းနှင့် ဒေသခံ များ၏ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဟန်ချက်ညီစွာ ဆောင်ရွက်နိုင်ရန်လို့ ဖြည့်စွက်သင့်ကြောင်း သဘောတူညီခဲ့ကြပါတယ်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စီမံခန့်ခွဲမှုကော်မတီကို အကောင်အထည်ဖော် စီမံဆောင်ရွက်ရာမှာ လက်တွေ့ဆောင်ရွက်ရမည့် အခြေအနေများနှင့် ကိုက်ညီမှု ရှိစေဖို့ရန်အတွက် အဆိုပြုပြဋ္ဌာန်းချက်ရဲ့ အပိုဒ် ၄၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁)ကို အသစ် ဖြည့်စွက်၍လည်းကောင်း၊ ပြောင်းလဲအမှတ်စဉ်ထားတဲ့ အပိုဒ်ခွဲငယ်(၂)ကို ပြင်ဆင်၍ လည်းကောင်း၊ အပိုဒ်ခွဲငယ်(၁၀)ကို အသစ်ဖြည့်စွက်၍လည်းကောင်း အောက်ပါ အတိုင်း ပြင်ဆင်သင့်ကြောင်း ညှိနှိုင်းသဘောတူညီခဲ့ကြပါတယ် -

(၁) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ် ဥက္ကဋ္ဌ

(၂) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဒုတိယဥက္ကဋ္ဌ
အစိုးရအဖွဲ့က တာဝန်ပေးအပ်သော တိုင်းဒေသကြီး
သို့မဟုတ် ပြည်နယ်ဝန်ကြီးတစ်ဦး

(၁၀) ညွှန်ကြားရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန အဖွဲ့ဝင်

လို့ ပြင်ဆင်ဖို့ ဖြစ်ပါတယ်။

(ဃ) ပြည်ပကနေပြီးတော့ ပြန်လည်ရရှိလာတဲ့ ရှေးဟောင်းဝတ္ထုပစ္စည်းများကို မူလ တည်ရှိတဲ့နေရာဒေသမှာ ထိန်းသိမ်းထားရှိနိုင်ရန် အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၂၊ အပိုဒ်ခွဲ(င)ကို ပြင်ဆင်ဖြည့်စွက်ပြီးတော့လည်းကောင်း၊ ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှုရန်ပုံငွေကို ထိန်းသိမ်း သုံးစွဲနိုင်ရန် အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၂၊ အပိုဒ်ခွဲ(ည)ကို ပြင်ဆင်၍ လည်းကောင်း၊ ယဉ်ကျေးမှုအမွေအနှစ် ဒေသအတွင်း မဖြစ်မနေလိုအပ်တဲ့ အခြေခံ အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိတဲ့ အဆောက်အအုံများကို ပြန်လည်ပြင်ဆင်စေခြင်း၊ ဖျက်သိမ်းစေခြင်းတို့ကို ဆောင်ရွက် နိုင်ရန်အတွက် အဆိုပြု ပြဋ္ဌာန်းချက် အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ခ)၏နောက်တွင် အပိုဒ်ခွဲ (ဂ)အဖြစ် အသစ်ဖြည့်စွက်၍လည်းကောင်း၊ အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ဂ)ကို အပိုဒ်ခွဲ(ဃ) အဖြစ် ပြောင်းလဲ အမှတ်စဉ်ပြီးတော့ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲငယ်(၆)နှင့် ပြောင်းလဲ အမှတ်စဉ်ထားတဲ့ အပိုဒ် ၃၀၊ အပိုဒ်ခွဲ(ဃ) တို့ကို ပြင်ဆင်၍လည်းကောင်း၊ အဆိုပြု ပြဋ္ဌာန်းချက် အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၇)၊ အပိုဒ် ၁၄၊ အပိုဒ်ခွဲ(ဃ)နှင့် အပိုဒ်ခွဲ(င)တို့ကို အသစ်ဖြည့်စွက်၍လည်းကောင်း ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း ညှိနှိုင်း သဘောတူညီခဲ့ကြပါတယ်။

(င) တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့်အညီ သီးခြားစီ သတ်မှတ်ပြဋ္ဌာန်းနိုင်ရန်အတွက် ပြောင်းလဲအမှတ်စဉ်ထားတဲ့ အပိုဒ် ၃၉ ရဲ့ ခြေဆင်းကို -

၃၉။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် တရားရုံးသည် အောက်ပါ အမိန့်တစ်ခုခုကို ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေဖြင့် သတ်မှတ်ထားသည့် ကာလအတွင်း ဆောင်ရွက်ရန် အမိန့် ချမှတ်ရမည်လို့ ပြင်ဆင်သင့်ကြောင်း ညှိနှိုင်းသဘောတူညီခဲ့ကြပါတယ်။

(စ) ရှေးဟောင်းအဆောက်အအုံရဲ့ မူလရှေးဟောင်းအမည်ကို ပြောင်းလဲရန် တမင်မပြု လုပ်နိုင်စေရေးအတွက် ပြောင်းလဲအမှတ်စဉ်ထားတဲ့ အပိုဒ် ၃၂၊ အပိုဒ်ခွဲ(ခ)ကို ရှေးဟောင်းအဆောက်အအုံ၏ မူလရှေးဟောင်း ပုံသဏ္ဌာန်ကိုဖြစ်စေ၊ မူလ ရှေးဟောင်းလက်ရာကိုဖြစ်စေ၊ မူလရှေးဟောင်းအမည်ကိုဖြစ်စေ ပြောင်းလဲစေရန် တမင်ပြုလုပ်ခြင်းလို့ ပြင်ဆင်သင့်ကြောင်း သဘောတူညီမှုရခဲ့ကြပါတယ်။ ယဉ်ကျေးမှု အမွေအနှစ် စီမံခန့်ခွဲမှုရန်ပုံငွေ ထူထောင်ခြင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသ

များမှာ ကောက်ခံတဲ့ အခကြေးငွေနှင့် ဝင်ကြေးများအပေါ်မှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ဖို့ရန်အတွက် အခန်း(၁၁)ရဲ့ အခန်းခေါင်းစဉ်ကို -

အခန်း (၁၁)
ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှု ရန်ပုံငွေထူထောင်ခြင်း၊
ထိန်းသိမ်းခြင်း နှင့် စီမံခန့်ခွဲခြင်း

လို့ ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း သဘောတူညီခဲ့ကြပါတယ်။

ပြောင်းလဲအမှတ်စဉ်ထားတဲ့ အပိုဒ် ၄၁၊ အပိုဒ်ခွဲ(ဂ)ကို -

၄၁။(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများတွင် ကောက်ခံသည့် အခကြေးငွေနှင့် ဝင်ကြေးများအပေါ် ရာခိုင်နှုန်းအချိုးအစား သတ်မှတ်ချက်အရ ရရှိသည့် ငွေကြေးများလို့ ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း သဘောတူခဲ့ကြပါတယ်။

(ဆ) ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် ရဲ့ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၄၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁၀) နှင့် ဥပဒေကြမ်းကော်မတီက အသစ်ဖြည့်စွက်ထားတဲ့ အပိုဒ် ၅၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၅) တို့မှာ ဦးခင်မောင်လတ်ရဲ့ အဆိုပြု တင်ပြထားခြင်းဖြစ်တဲ့ ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်း၌ ထင်ရှား**ကျော်ကြားသည့် ဒေသခံတိုင်းရင်းသားတစ်ဦး၊ အရပ်ဘက်အဖွဲ့အစည်းမှ တစ်ဦးနှင့် စိတ်ဝင်စားသည့် ဒေသခံတစ်ဦးလို့ ပြင်ဆင်ရန် အကြံပြုထားပါတယ်။** ဒီအကြံပြု ဆွေးနွေးချက်အပေါ်မှာ ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်နေသော သို့မဟုတ် စိတ်ဝင်စားသူ ဒေသခံလို့ ပြင်ဆင်ဖြည့်စွက်ခဲ့ပြီးဖြစ်တဲ့အတွက် ထပ်မံပြင်ဆင်ဖြည့်စွက်ရန် မလိုအပ်ကြောင်း ဥပဒေကြမ်းကော်မတီနှင့် အစည်းအဝေးမှာ တက်ရောက်လာကြသူများက သဘောထားရရှိခဲ့ကြပါတယ်။ ဒါကြောင့်မို့လို့ အဆိုပါပြင်ဆင်ချက်များကို လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူဆောင်ရွက်သင့်ကြောင်း တင်ပြအပ်ပါတယ်။

(ဇ) ဥပဒေကြမ်းကော်မတီအနေဖြင့် ဥပဒေရေးထုံးမှန်ကန်မှုရှိစေရန်နှင့် ဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲများ၊ အခန်းများကို အစီအစဉ်တကျ ကျနမှုရှိစေရန်အတွက် အကြံပြုဆွေးနွေးခဲ့တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းပြင်ဆင်ခဲ့ပြီးဖြစ်ပါကြောင်းနှင့် ပြင်ဆင်ချက် အပြည့်အစုံကို ကန့်လန့်ဖြတ်ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါတယ်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယဉ်ကျေးမှုအမွေအနှစ် ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းကို အကြံပြုဆွေးနွေးခဲ့တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ် ဆွေးနွေးညှိနှိုင်းခဲ့ပြီး ဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီ၏ မူလ ပြင်ဆင်ချက်များနှင့် ယခုထပ်မံ ပြင်ဆင်ချက်များကို အမျိုးသား

လွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ် ရဲ့ ပြင်ဆင်ချက်များကို လွှတ်တော်၏ အဆုံးအဖြတ်ရယူဆောင်ရွက်သင့်ပါကြောင်း တစ်ပါတည်း တင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၂း၁၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အဆုံးအဖြတ် ရယူလိုသည့် ဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၁၅။**

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ပထမဦးဆုံး ဥပဒေကြမ်းရဲ့ခေါင်းစဉ် ပြင်ဆင်ချက်ကို တင်ပြပါမယ်။

**၂၀၁၈ ခုနှစ်၊ ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ**

( ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၈၀ ပြည့်နှစ်၊ လ ရက်

( ၂၀၁၈ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

ဥပဒေကြမ်းကော်မတီရဲ့ ဥပဒေကြမ်းခေါင်းစဉ် ပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ဥပဒေကြမ်းခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့ အပိုဒ် ၁၊ အပိုဒ် ၂(ဂ)(ဃ)(င)(ဇ) ရဲ့ ခြေဆင်း၊ အပိုဒ် ၂(ဈ)(ည)(ဋ)(ပ)၊ အပိုဒ် ၃(ဇ) ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုပြု တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၊ အပိုဒ် ၂(ဂ)(ဃ)(င)(ဇ)ခြေဆင်း၊ အပိုဒ် ၂(ဈ)(ည)(ဋ)(ပ)၊ အပိုဒ် ၃(ဇ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့ အပိုဒ် ၄(က)(၁)(၂)(၁၀) ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄(က)(၁)(၂)(၁၀)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ဖြစ်တဲ့ အပိုဒ် ၄(က)(၁၂) ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်နေသော သို့မဟုတ် စိတ်ပါဝင်စားသူ ဒေသခံ အနည်းဆုံး (၃)ဦးမှ အများဆုံး (၅)ဦးအထိ အဖွဲ့ဝင်ဆိုတဲ့ ပြင်ဆင်ချက်ကို ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကြီးက အတည်ပြုပေးနိုင်ပါရန်နှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးခင်မောင်လတ် ရဲ့ အဆိုပြုချက်ကိုတော့ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို သဘောမတူတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) ရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်ရဲ့ဆန္ဒ ရယူဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်ကို သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အစိမ်းရောင် အပေါင်း(+)သင်္ကေတကို နှိပ်၍ ထောက်ခံမဲပေးရန်ဖြစ်ပြီး သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အနီရောင် အနုတ်(-)သင်္ကေတကို နှိပ်၍ ကန့်ကွက်မဲပေးရန် ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို မူတည်ပြီး စက်ခလုတ်အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်း အတည်ပြုမှာ ဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဦးခင်မောင်လတ်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုမှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၇၀)မဲ၊ ကန့်ကွက်မဲ (၁၂)မဲ၊ ကြားနေမဲ(၁)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့ အပိုဒ် ၅၊ အပိုဒ်ခွဲ(က)ခြေဆင်း ပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅၊ အပိုဒ်ခွဲ(က)ခြေဆင်းသည့် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ အပိုဒ် ၅၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၅) ပြင်ဆင်ဖြည့်စွက်ချက်ကလည်း ခုန ကျွန်တော်တို့ လွှတ်တော်က ဆုံးဖြတ်ထားတဲ့ အပိုဒ် ၄၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁၂) ပြင်ဆင်ချက်နဲ့တော့ အတူတူပဲ ဖြစ်ပါတယ်။ သို့သော်လည်း ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးခင်မောင်လတ် ရဲ့ အဆိုပြုချက်ကို လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူဆောင်ရွက် ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ဖြည့်စွက်ချက်ကို သဘောမတူတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) ရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်ရဲ့ဆန္ဒ ရယူဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက်ကို သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ် များက အစိမ်းရောင် အပေါင်း (+) သင်္ကေတကိုနှိပ်၍ ထောက်ခံမဲပေးရန်ဖြစ်ပြီး သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အနီရောင် အနုတ်(-)သင်္ကေတကို နှိပ်၍ ကန့်ကွက်မဲပေးရန် ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ ဖြည့်စွက်ချက်ကို မူတည်ပြီး စက်ခလုတ်အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက်အတိုင်း အတည်ပြုမှာ ဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဦးခင်မောင်လတ် ၏ ဖြည့်စွက်ချက်အတိုင်း အတည်ပြုမှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၆၅)မဲ၊ ကန့်ကွက်မဲ (၁၃)မဲ၊ ကြားနေမဲ (၃)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ အပိုဒ် ၅၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၉၊ အပိုဒ် ၁၁၊ အပိုဒ်ခွဲ(က)နဲ့(ဂ)၊ အပိုဒ် ၁၂၊ အပိုဒ်ခွဲ

(ဂ)(င)(ဇ)(ည) ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၉၊ အပိုဒ် ၁၁၊ အပိုဒ်ခွဲ(က)(ဂ)၊ အပိုဒ် ၁၂၊ အပိုဒ်ခွဲ (ဂ)(င)(ဇ)(ည) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ဃ)ခြေဆင်း၊ အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲငယ်(၄)(၆)(၇)၊ အပိုဒ် ၁၄ ရဲ့ ခြေဆင်း၊ အပိုဒ် ၁၄၊ အပိုဒ်ခွဲ(ဃ)နဲ့(င)၊ အပိုဒ် ၁၅ ရဲ့ခြေဆင်း၊ အပိုဒ် ၁၅၊ အပိုဒ်ခွဲ(က)(ခ)၊ အပိုဒ် ၁၆ ပြင်ဆင်ဖြည့်စွက်ချက်များအပေါ်မှာလည်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ဃ)ခြေဆင်း၊ အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲငယ် (၄)(၆)(၇)၊ အပိုဒ် ၁၄ ခြေဆင်း၊ အပိုဒ် ၁၄၊ အပိုဒ်ခွဲ(ဃ)(င)၊ အပိုဒ် ၁၅ ခြေဆင်း၊ အပိုဒ် ၁၅၊ အပိုဒ်ခွဲ(က)(ခ)၊ အပိုဒ် ၁၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့ အပိုဒ် ၁၈၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၂)၊ အပိုဒ် ၁၈၊ အပိုဒ်ခွဲ(ခ)

အပိုဒ်ခွဲငယ်(၄)၊ အပိုဒ် ၁၉၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁)(၂)၊ အပိုဒ် ၁၉၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၂၀ ခြေဆင်း ပြင်ဆင်ချက်များကိုလည်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ဆက်လက်တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက်အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၈၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၂)၊ အပိုဒ် ၁၈၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲငယ်(၄)၊ အပိုဒ် ၁၉၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁)(၂)၊ အပိုဒ် ၁၉၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၂၀ ခြေဆင်းသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ညာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့ အပိုဒ် ၂၁၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁)နဲ့(၄)၊ အပိုဒ် ၂၁၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃ ရဲ့ ခြေဆင်း၊ အပိုဒ် ၂၄၊ အပိုဒ်ခွဲ(က)၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆ ရဲ့ ခြေဆင်း၊ အပိုဒ် ၂၆၊ အပိုဒ်ခွဲ(က)(င)(စ)(ည)၊ အပိုဒ် ၂၇ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက်အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၁၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁)(၄)၊ အပိုဒ် ၂၁၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃ ခြေဆင်း၊ အပိုဒ် ၂၄၊ အပိုဒ်ခွဲ(က)၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆၊ ခြေဆင်း၊ အပိုဒ် ၂၆ အပိုဒ်ခွဲ(က)(င)(စ)(ည)၊ အပိုဒ် ၂၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ အပိုဒ် ၂၈၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၉၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၃၀၊ အပိုဒ်ခွဲ(က)နဲ့ (ဃ)၊ အပိုဒ် ၃၁၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၃)၊ အပိုဒ် ၃၂၊ အပိုဒ်ခွဲ(က)(ခ) ပြင်ဆင်ချက်များကိုလည်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ဆက်လက်အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၈၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၉၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၃၀။ အပိုဒ်ခွဲ(က)(ဃ)၊ အပိုဒ် ၃၁၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၃)၊ အပိုဒ် ၃၂၊ အပိုဒ်ခွဲ(က)(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး တင်ပြသွားမှာကတော့ ဥပဒေကြမ်းရဲ့ အပိုဒ် ၃၅၊ အပိုဒ် ၃၆၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈၊ အပိုဒ် ၃၉ ရဲ့ခြေဆင်း၊ အပိုဒ် ၃၉၊ အပိုဒ်ခွဲ(ခ)နဲ့(ဂ)၊ အပိုဒ် ၄၀ ပြင်ဆင်ချက်များ ဖြစ်ပါတယ်။ ဒီနေရာမှာ အပိုဒ် ၃၉ ရဲ့ ခြေဆင်းမှာ မူလ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက တင်ပြထားတဲ့အခါမှာ မည်သူမဆို ဤဥပဒေပါ ဥပဒေတစ်ရပ်ရပ် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် တရားရုံးသည် အောက်ပါ အမိန့်တစ်ခုခုကို ဝန်ကြီးဌာနက သတ်မှတ်ထားသည့်ကာလအတွင်း ဆောင်ရွက်ရန် အမိန့်ချမှတ်ရမည်လို့ မူလ တင်ပြခဲ့တာ ဖြစ်ပါတယ်။ သို့သော် ပြန်လည်သုံးသပ်မှုအရ တရားစီရင်ရေးနဲ့ အုပ်ချုပ်ရေးဟာ သီးခြားစီဖြစ်ရမှာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အပိုဒ် ၃၉ ရဲ့ခြေဆင်းကို မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် တရားရုံးသည် အောက်ပါအမိန့် တစ်ခုခုကို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေဖြင့် သတ်မှတ်ထားသည့် ကာလအတွင်း ဆောင်ရွက်ရန် အမိန့်ချမှတ်ရမည်လို့ ထပ်မံအဆိုပြု ပြင်ဆင်တင်ပြအပ်ပါတယ်။ ဒီပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၅၊ အပိုဒ် ၃၆၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈၊ အပိုဒ် ၃၉ ခြေဆင်း၊ အပိုဒ် ၃၉၊ အပိုဒ်ခွဲ(ခ)(ဂ)၊ အပိုဒ် ၄၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ညာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်း အခန်း(၁၁)အခန်းခေါင်းစဉ်၊ အပိုဒ် ၄၁၊ အပိုဒ် ၄၂၊ အပိုဒ် ၄၃ အသစ်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၁) အခန်းခေါင်းစဉ်၊ အပိုဒ် ၄၁၊ အပိုဒ် ၄၂၊ အပိုဒ် ၄၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ညာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ယခု အခန်း(၁၁)အဖြစ် အခန်းသစ်(၁)ခန်းကို အသစ်ဖြည့်စွက်လိုက်တဲ့အတွက် မူလ အဆိုပြု ပြဋ္ဌာန်းချက်မှာပါတဲ့ အခန်း(၁၁)ကိုတော့ အခန်း(၁၂)လို့ ပြောင်းလဲ အမှတ်စဉ်ဖို့ ဖြစ်ပါတယ်။ ဒီပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် တင်ပြချက်အတည် ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ အပိုဒ် ၄၅၊ အပိုဒ် ၄၆ ခြေဆင်း၊ အပိုဒ် ၄၇၊ အပိုဒ် ၅၀၊ အပိုဒ် ၅၂ ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄၅၊ အပိုဒ် ၄၆ ခြေဆင်း၊ အပိုဒ် ၄၇၊ အပိုဒ် ၅၀၊ အပိုဒ် ၅၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပြု ဥပဒေကြမ်း တစ်ရပ်လုံးမှာပါရှိတဲ့ အမျိုးသားအဆင့် စီမံခန့်ခွဲမှုကော်မတီဆိုတဲ့ စကားရပ်တွေကိုတော့ လက်တွေ့ဆောင်ရွက်မှုနဲ့ကိုက်ညီမှု ရှိစေရန်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စီမံခန့်ခွဲမှုကော်မတီ ဆိုတဲ့စကားရပ်နဲ့ အစားထိုးထားပါတယ်။ ဒီဥပဒေကြမ်း တစ်ရပ်လုံးက ပြောင်းလဲ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံခန့်ခွဲမှုကော်မတီ ဆိုသည့် စကားရပ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပြု ဥပဒေကြမ်းမှာ ပါရှိတဲ့ အပိုဒ် ၁၄၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲငယ်(၄)နဲ့ အပိုဒ် ၄၄ တို့ကို လိုအပ်ခြင်း မရှိတဲ့အတွက်ကြောင့်မို့လို့ လွှတ်တော်က ပယ်ဖျက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပယ်ဖျက်ချက်ကို သဘောတူလျှင်တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီနေ့ အမျိုးသားလွှတ်တော်ကြီးက ပြင်ဆင်ချက်တွေနဲ့ အတည်ပြုလိုက်တဲ့ အပိုဒ်၊ အပိုဒ်ခွဲတွေမှအပ ကျန်ရှိတဲ့ အပိုဒ်၊ အပိုဒ်ခွဲတွေကိုတော့ အဆိုပြု ပြဋ္ဌာန်းချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည် ဖြစ်သည်။

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၅၅ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၅၅ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၂း၃၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(ခ)အရ ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အမျိုးသား လွှတ်တော်က အတည်ပြုပေးဖို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင် သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၃၇။**

**ဦးကြည်မင်း (ဒုတိယဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို ပြင်ဆင်ထားတဲ့အတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုပေးပါရန် ကျွန်တော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကြည်မင်း က လေးစားစွာဖြင့် အဆို တင်သွင်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၃၈။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၃၈။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စု ဒုတိယဝန်ကြီးက အတည်ပြုရန် တင်သွင်းတဲ့ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုပေးရန် အဆိုတင်သွင်းခြင်းအပေါ်မှာ မကွေး တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးမြမင်းဆွေ က ထောက်ခံပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၂း၃၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အဆိုမှာ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

**အချိန်၊ ၁၂း၃၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ **၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့မှ စတင်ကျင်းပခဲ့တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်** ဒသမ**ပုံမှန်အစည်းအဝေးဟာဆိုရင် ဒီကနေ့ ပြီးဆုံးမှာ ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၂**

**ရက်နေ့မှ ဒီဇင်ဘာလ ၂၀ ရက်နေ့အထိ အစည်းအဝေး ကျင်းပရက်(၁၇)ရက်အတွင်း အမျိုးသားလွှတ်တော်ရဲ့ ဆောင်ရွက်ချက်များအနေနဲ့ -**

**မေးခွန်းမေးမြန်းခြင်းကဏ္ဍမှာ -**

**လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူလူထုရဲ့ အကျိုးအလို့ငှာ အမျိုးသားလွှတ်တော်သို့ ကြယ်ပွင့်ပြမေးခွန်း (၁၀၅)ခု နှင့် ကြယ်ပွင့်မပြမေးခွန်း (၁၀၂)ခု တို့ကို မေးမြန်းခဲ့ပါတယ်။**

**လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် မေးခွန်းများအပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များက လွှတ်တော်တွင် နှုတ်ဖြင့် ဖြေကြားခြင်း၊ စာဖြင့်ပေးပို့ ဖြေကြားခြင်း တို့ကို ဆောင်ရွက်ခဲ့ပါတယ်။**

**အဆိုတင်သွင်းခြင်းကဏ္ဍမှာ -**

ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနေဖြင့် နိုင်ငံတော်၏ သက်ရှိသဘာဝသယံဇာတဖြစ်သော ဆင်အပါအဝင် အခြားသော တောရိုင်းတိရစ္ဆာန်များ မျိုးတုံးခြင်းမှ ကာကွယ်နိုင်ရန် ရည်ရွယ်လျက် အများပြည်သူ သတိပြုမှု မြင့်တက်စေရန်၊ ဆင်အပါအဝင် အခြားသော တောရိုင်းတိရစ္ဆာန်များနှင့် ၎င်းတို့၏ အစိတ်အပိုင်းများ ပြောင်ပြောင်တင်းတင်း ရောင်းဝယ်ဖောက်ကားနေမှုကို ရပ်တန့်ပစ်နိုင်ရန်အတွက် ထိရောက်စွာ အရေးယူမှုများ ပြုလုပ်ခြင်းဖြင့် အချိန်မီကယ်တင်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်သို့တင်သွင်းခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည် ဖြေရှင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး အဆိုကို အတည်ပြုခဲ့ပါတယ်။

**ဥပဒေကြမ်း တင်သွင်းခြင်းကဏ္ဍအနေနဲ့ -**

အမျိုးသားလွှတ်တော်မှာ စတင်ဆွေးနွေးနိုင်ရန် ပေးပို့ထားတဲ့ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို လွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းကို လွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

**အမျိုးသားလွှတ်တော်မှ စတင်ဆွေးနွေး အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ထားသည့် ဥပဒေကြမ်းများအနက် -**

- ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်း၊
- စာပေနှင့် အနုပညာ မူပိုင်ခွင့် ဥပဒေကြမ်း၊

အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းတို့အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးရာတွင် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသဖြင့် ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့ပါတယ်။

မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခဲ့ရာ လွှတ်တော်က ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ပါတယ်။

- ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေကြမ်း၊

စက်မှုဒီဇိုင်း မူပိုင်ခွင့် ဥပဒေကြမ်းတို့အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခဲ့ရာ လွှတ်တော်သို့ အသိပေးပြီး ဆွေးနွေးရန် အမည်စာရင်း တောင်းခံခဲ့ပါတယ်။

**ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေး အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့သည့် ဥပဒေကြမ်းများအနက် -**

- ၂၀၁၈ ခုနှစ်၊ လောင်းကစား ဥပဒေကြမ်း၊
- လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး ဥပဒေကြမ်း၊

စားသုံးသူကာကွယ်ရေး ဥပဒေကြမ်းတို့ကို ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြား တင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ် ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကာ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းသည့် ဥပဒေကြမ်းများဖြစ်တဲ့** ပဲခူး**တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်း** တင်သွင်းထားတဲ့ ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို အစီရင်ခံစာ ပြန်လည်ဖတ်ကြားခြင်း၊ အဆုံးအဖြတ် ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကာ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

**ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး** တင်သွင်းတဲ့ တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကာ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီရင်ခံစာ တင်သွင်းခြင်းကဏ္ဍတွင် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ နဝမပုံမှန်အစည်းအဝေးအထိ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အကြံပြု ဆွေးနွေးခြင်းနှင့် လွှတ်တော်က အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။** အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသည့် ကော်မတီများ၏ လွှတ်တော်အစည်းအဝေးကာလအတွင်း ဆောင်ရွက်ခဲ့သည့် ကော်မတီအစည်းအဝေးများမှာ ဥပဒေကြမ်းကော်မတီ (၁၉)ကြိမ်၊ ပြည်သူ့ငွေစာရင်းကော်မတီ(၅)ကြိမ်၊ လွှတ်တော်အခွင့်အရေးကော်မတီ (၁)ကြိမ်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ (၁၁)ကြိမ်၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (၂)ကြိမ်၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ (၄)ကြိမ်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ (၅)ကြိမ်၊ တိုင်းရင်းသားရေးရာကော်မတီ (၄)ကြိမ်၊ တောင်သူလယ်သမားရေးရာကော်မတီ (၄)ကြိမ်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ (၇)ကြိမ်၊ ပညာရေးမြှင့်တင်မှုကော်မတီ (၆)ကြိမ်၊ ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီ (၆)ကြိမ်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ (၅)ကြိမ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ (၆)ကြိမ်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ (၃)ကြိမ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (၂)ကြိမ်၊ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာကော်မတီ (၃)ကြိမ်၊ စုစုပေါင်း ကော်မတီအစည်းအဝေး (၉၃)ကြိမ် ပြုလုပ်ခဲ့ပါတယ်။

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။** အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များစွမ်းရည်မြင့်မားစေရန် ရည်ရွယ်၍ အပြန်အလှန်ဆွေးနွေးပွဲ (Debate)ကို (၂)ကြိမ် ပြုလုပ်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သုတေသန၊ ပြည်သူ့ဆက်ဆံရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာနကြီးမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအတွက် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးကာလအတွင်း စာတမ်းတို (၂)စောင် ထုတ်ဝေခဲ့ပါတယ်။

လွှတ်တော်ကိုယ်စားလှယ် (၆၇)ဦးက သိရှိလိုသည့် သတင်းအချက်အလက်များ၊ မေးမြန်းခဲ့မှုများ အနက် (၆၇)ချက်ကို ရှာဖွေပေးခဲ့ပြီး ဆောင်ရွက်ဆဲ (၁၀)ချက်ဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်များကို အသိပေးပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မိမိတို့သက်ဆိုင်ရာ ဒေသအသီးသီးသို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ပြန်လည်ရောက်ရှိကြပြီး မိမိတို့ရဲ့မဲဆန္ဒရှင် ပြည်သူများအကျိုး၊ ဒေသအကျိုး၊ နိုင်ငံတော်ရဲ့ အကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေး ကျင်းပပြီးစီးကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၂း၄၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပ ပြီးစီးကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် **ဥက္ကဋ္ဌ** ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၁၂း၄၈ နာရီ အချိန်တွင် ရပ်နားပါသည်။]